
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✪ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- ✪ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ✪ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✪ စိုက်ပျိုးရေးကိုမှီ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✪ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကန်လေးရိုးက ငှားလောက်ကြီး
# သင်္ချိုင်းထဲမှာ
# ဒေါဆပင်ပေးပါ



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇက်တင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ်(၁၀)၊
ရတနာမြိုင်လမ်း၊ (၁၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၈၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ရဲရှင်အောင်စာပေ**
အမှတ်-၅၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ကန်လေးရိုးကဖွားလောက်ကြီး
သချိုင်းထဲမှာခေါ်စာပစ်ပေးပါ/ကန်လေးရိုးကဖွားလောက်ကြီး-ရန်ကုန်၊
သင်းစာပေ၊ ၂၀၁၃။
၁၂၈-စာ၊ ၁၃ × ၂၀ စင်တီ။
(၁) သချိုင်းထဲမှာခေါ်စာပစ်ပေးပါ

# ဖွားလောက်ကြီး

နဲ့

# ပရိသတ်

## သူတို့ပြောတဲ့စကားသံများ

သို့

## Phone Section



www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သောအခန်းများ


အခန်း ၁။ ခွဲသွားတဲ့ဖေဖေ

အခန်း ၂။ လာခေါ်သူ

အခန်း ၃။ ခေါင်းထမ်းလာတဲ့တစ္ဆေ

အခန်း ၄။ ရွာမှနှင်တဲ့နေ့

အခန်း ၅။ နိုနားရာသချိုင်း

အခန်း ၆။ သူတို့နေတဲ့အိမ်

အခန်း ၇။ ဘယ်လိုသတ်သတ်မသေတဲ့ခွေး

အခန်း ၈။ လိပ်ပြာလှသူ

အခန်း ၉။ နာရေးအိမ်က ရက်လည်ည

အခန်း ၁၀။ အစာလာတောင်းသူ

အခန်း ၁၁။ အလှည့်ရောက်ရင်ခံရမယ်

အခန်း ၁၂။ သေနေ့စေ့သူ

အခန်း ၁၃။ ရွာနာတဲ့ည

အခန်း ၁၄။ တစ္ဆေရဲ့သား

အခန်း ၁၅။ အလှူလုပ်ပေးပါ

အခန်း ၁၆။ တစ္ဆေကြီးရဲ့အမှာ


(နိဂုံး)

**ခွဲသွားတဲ့ဖေဖေ**

### အခန်း (၁)

"အူး ... ဝူး ... "

လွန်စွာတိတ်ဆိတ်နေသောညမှာ ခွေးအူသံရှူးရှူးက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ခွေးတွေ ညဘက်အူတတ်တာ အဆန်းတကြယ်တော့မဟုတ်။ အူကြတာပါပဲ။ သို့ပေမယ့် — ဒီဝါးနက်ကုန်းရွာလေးအတွက်တော့ ဆန်းကြယ်လှသည်ဟု ပြောရမည်။

"မေမေ ... ဖေဖေလာပြီနဲ့တူတယ် ... "

ခြောက်နှစ်အရွယ်သားလေး မင်းကိုကို မသစ္စာ ခေါင်းလေးပွတ်ကာ ပေးလိုက်သည်။

မသစ္စာရင်ထဲမကောင်း။ ရွာမှာအခုလို ခွေးအူသံကြားရသည့်နှင့် လူ တစ်ယောက်ဆုံးတော့သည်။

ထိုကဲ့သို့ ...

---

ရိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဆုံးတာနှင့် မသစ္စာတို့သားအမိမှာ နေစရာမရှိတော့ ရွာကပိုင်း၍ အပြစ်တင်ခြင်းကို ခံရတော့သည်။

စိုင်ပြင်ဆိုတဲ့ သူတို့ရွာလေးမှာ ကသာမြို့မှ မိုင်နှစ်ဆယ်ကျော်ဝေးကာ အလွန်မှုကိုခေါ်လှသည်။ ဒီရွာကို မသစ္စာရောက်လာတာ ကိုရင်မောင်ခေါ်လာလို့ ရောက်လာခြင်းဖြစ်သည်။

သူ့ရဲ့ ဆွေမျိုးသားချင်းများမရှိသလို အသိအကျွမ်း မိတ်ဆွေများလည်း ရှိတာမဟုတ်။ သိပ်ချစ်ရတဲ့ ကိုရင်မောင်မျက်နှာတစ်ခုထဲနှင့် ရောက်လာခဲ့ခြင်း ဖြစ်သည်။

"အု ... ဝူး ..."

ခွေးအူသံက ရွာနှင့်နီးသထက်နီးလို့လာသည်။ သူတို့နေသည့်အိမ်က ရွာစွန်မှာရှိတာကြောင့် ခွေးအူသံကို အရင်ဆုံးကြားရခြင်းဖြစ်သည်။

"မေမေ ... ခွေးအူသံက နီးလာပြီ၊ ဖေဖေ ... ရွာထဲဝင်လာပြီနဲ့တူတယ်"

"သားရယ် ... အိပ်ပါတော့ ... စိတ်ထဲ ဘာမှမထားနဲ့နော်၊ သားဖေဖေက သေသွားခဲ့ပြီ"

မသစ္စာက သူ့သားလေးကိုချော့ကာ ပြောပေမယ့် ကလေးကတော့

"ဖေဖေ ရွာထဲကိုလာရင် ခွေးတွေအူတယ်လေ၊ ဖေဖေသာမသေရင် ဘယ်လာမလဲ ..."

"ဟင်း ..."

မသစ္စာက သက်ပြင်းကိုချလိုက်သည်။ ကလေးဆိုတော့လဲ ဘယ်နားလည်မလဲ။

သူထင်ရာကို အမှန်လို့ယူဆကာ ပြောဆိုတတ်သည်မလား။

"အု ... ဝူး ..."





ခွေးအူသံက စူးသထက်စူးကာလာလေတော့ ... မသစ္စာရဲ့ ဒဲထဲ ထိတ်ခနဲ ဖြစ်လာသည်။

"မေမေ ... ဖေဖေ အိမ်ရှေ့ကိုရောက်နေပြီ သားထကြည့်လိုက်မယ်"

"သား ..."

အိပ်ရာထဲမှ ထမည့်ဟန်ပြင်လိုက်သော သူ့သားမင်းကိုအား မသစ္စာက ဟန့်လိုက်သည်။

"မေမေ ... ဖေဖေက သားတို့ကိုတွေ့ချင်မှာပေါ့ အိမ်ရှေ့သွားရအောင်"

"သား ... မသွားနဲ့ ..."

"ဟင့်အင်း ... မေမေ ... သားဖေဖေ့ကိုတွေ့ချင်တယ်၊ ဖေ့ဖေကလည်း သားတို့ကိုတွေ့ချင်မှာပါ ..."

မင်းကိုက မျက်ရည်လေးဝဲကာပြောသောအခါ မသစ္စာရဲ့မျက်လုံးထဲတွင် မျက်ရည်များဝဲကာလာသည်။

သူ ... သားလေးကို ဘယ်လိုရှင်းပြရမလဲ ...

ဖခင်တစ်ယောက်ကို အားကိုးယုံကြည်တဲ့စိတ်၊ ဖခင်တစ်ယောက်အပေါ်ထားတဲ့ မေတ္တာတရား။

ထိုအရာတို့ကို မသစ္စာ ဘယ်လိုတားဆီးရမလဲ ...

သားလေးရဲ့ဖခင်ဟာ သရဲတစ္ဆေဘဝကို ရောက်နေပြီး မေမေတို့နှင့် ဘဝခြားနေပါပြီဟုပြောသော် သားလေး ဘယ်လိုခံစားရမလဲ ... ။

မသစ္စာတစ်ယောက်တွေးရင်း မျက်ရည်များကျကာလာသည်။

"မေမေ ... မေမေ ဘာလို့ငိုတာလဲ ..."

"သားရယ် ..."

မသစ္စာက သူ့သားလေးကို ဖက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ … မငိုနဲ့နော်၊ သားကဖေဖေ့ကို တွေ့ချင်လို့ပြောတာပါ၊ မေမေ မကြိုက်ရင် မတွေ့တော့ပါဘူး"

"သား …"

မိခင်အပေါ် အလိုက်သိလွန်းသည့် သားလေးအတွက် မသစ္စာရဲ့ မျက် ရည်တွေမခမ်းတော့။ ကံတရားက နှိပ်စက်လွန်းလို့ သူတို့ဘဝလေး ကတော့ ဘယ်အချိန်ထိများ ဒုက္ခတွေ ရှိနေဦးမှာလဲ …

အသက်နှစ်ဆယ့်ငါးဝန်းကျင် မိန်းမတစ်ယောက်ရဲ့ ကံကြမ္မာအထု အထောင်းဒဏ်ကတော့ ကြေမွရတာ တစ်စစီပင် ဖြစ်နေလေသည်။

ခြံရှေ့မှာတော့ … ခွေးအူသံတွေ ဆူညံလို့နေဆဲ …

"အု … ဝူး …"

ထိုသို့ဆို ကိုရင်မောင်တစ်ယောက် သူတို့အိမ်ရှေ့မှာ … ။



ဘဝကို မိတ်ဆွေ ဘဝလယ်လမ်းခရီးတိုင်း
တစ္ဆေကြီးဘဝနှင့်ကျော်ကြီး …

www.burmeseclassic.com

လာခေါ်သူ

## အခန်း (၂)

"အမလေး ... အမေ့ကိုခေါ်လို့မရတော့ဘူး ... "

မိပိုးရဲ့ဟစ်အော်ကာ ငိုလိုက်တဲ့အသံက အိမ်အနီးဝန်းကျင်တစ်ခုလုံး ဆူညံလို့သွားသည်။ နံနက်အာရုဏ်တက်စပဲရှိသေးသည်။ ရွာမှလူတွေ အိမ်ရာ ကနိုးစအချိန်၊ မိပိုးရဲ့အသံအကျယ်ကြီးကြောင့် မိပိုးတို့အိမ်သို့ ပြေးလာကြသည်။

"ဟဲ့ ... မိပိုး ... ကြီးစိုး ဘာဖြစ်လို့လဲ"

"လုပ်ပါဦး _ ကိုကြီးတို့ရယ် ကျွန်မခေါ်တာ ဘယ်လိုမှခေါ်လို့မရ တော့ဘူး"

မိပိုးအမေ ဒေါ်မေစိုးက ဘုရားစင်ရှေ့မှာစန့်စန့်ကြီး မျက်လုံးကြီးက ပြူးကာ လှုပ်တောင်မလှုပ်တော့။ အတွေ့အကြုံရှိသည့် အဘွားသိန်းကျော်က ဒေါ်မေစိုးရဲ့လက်ကိုကိုင်ကာ လက်ကောက်ဝတ်ကို သွေးစမ်းလိုက်သည်။

ပြီးတော့ ...

မျက်နှာပျက်ပျက်နှင့် ခေါင်းကိုခပ်လေးလေး ခါလိုက်သည်။





မိပိုးက ...

"အဘွားသိန်း ... အမေ့အခြေအနေ ... "

"မိပိုး ... နင့်အမေဆုံးပြီ ... "

"ရှင်"

မိပိုး ရုတ်တရက် ကြောင်သွားပြီး ရင်ထဲစို့တက်လို့သွားသည်။

"အမေ ... "

"ဟဲ့ ... မိပိုး ငိုလိုက်စိတ်ကိုတင်းမထားနဲ့ ငိုချလိုက်"

"ဟီး ... "

ဘေးမှဝိုင်းပြောမှ မိပိုးလည်း သူ့မိခင်အလောင်းကိုဖက်ကာ အားရ ပါးရငိုကြွေးတော့၏။ တစ်ဆင့်စကားတစ်ဆင့်ကြားကာ ရွာထဲမှလူတွေရောက် လာပြီး လုပ်ကိုင်စရာရှိတာများကို လုပ်ကိုင်ကြသည်။

လူကြီးတွေကတော့ ဝိုင်းဖွဲ့ထိုင်ကာ ရေနွေးကြမ်းသောက်ရင်း နာရေး ကိစ္စ စီစဉ်စရာရှိတာစီစဉ်ပြီး စကားပြောကြသည်။

"ညဦးနက်လောက်က ခွေးအူသံကြားထဲက ရွာထဲတစ်ခုခုဖြစ်တော့ မယ်လို့ထင်ထားတာ၊ ထင်တဲ့အတိုင်းပဲ ... ဒေါ်မေစိုးဆုံးပြီ"

ဦးကြီးသာအောင်က စကားစလိုက်ရာ ဦးတိုးဝင်းက ...

"မမေစိုးမှာ ဘာရောဂါမှရှိတာမဟုတ်ဘူး၊ ခုချိန်ထိ လုပ်နိုင်ကိုင်နိုင် သွားနိုင်လာနိုင်တုန်းပဲ ... သေမယ်လို့တောင် မထင်ပါဘူးဗျာ"

"ရွာနာတာတော့ အခုလိုဖြစ်တာပေါ့"

"ရင်မောင်ဆိုတဲ့ကောင် ... ဒုက္ခပေးတာလေ၊ ရွာမှာ ပရိတ် နှုတ်ပစ်မှကောင်းမယ် ... ခုဆို တစ်လတစ်လောင်း ပုံမှန်ပဲ ... သေတဲ့ သူတွေကလည်း မိန်းမတွေ၊ သေလိုက်ရင်လည်း ရင်မောင်သေတဲ့နေ့ပဲ"

ကိုဖိုးဝင်းက မကျေမနပ်နဲ့ကိုပြောသည်။ သူကြီးတော် ဒေါ်မြို့ဥလဲ



www.burmeseclassic.com

www.burmeseclassic.com



ရင်မောင်သေပြီးနောက်ပိုင်း သေဆုံးသူတွေထဲ အပါအဝင်ဖြစ်၏။

"ကျုပ်အထင်ပြောရရင် ဟိုသားအမိကြောင့် အခုလိုဖြစ်နေတာဗျ၊ သူတို့သားအမိကို ကိုရင်မောင်ကသိပ်ချစ်တာလေ ... သူတို့ကိုလည်း စိတ်မချ ရွာကိုလည်း စိတ်နာတော့ ... ရွာထဲလာရင် သူမကျေနပ်တဲ့လူကို ခေါ်သွားတာ နေမှာပေါ့ ... "

ကိုမြင့်ကြည်စကားကို ဦးတိုးဝင်းက ခေါင်းညိတ်လိုက်ပြီး။

"ဟုတ်တယ် ... ရွာထဲကလူသေမယ့်ညဆို ခွေးတွေ မတရား အူတယ်၊ ရွာလယ်လမ်းမှာလဲ တစ္ဆေကြီးလမ်းလျှောက်နေတယ်တဲ့ ... မြင်တဲ့လူတွေ မြင်ကြတယ်"

"ဟုတ်တယ် ... အဲလိုပဲ ရွာထဲပြောနေကြတယ်"

ဦးတိုးဝင်းပြောတာကို ကိုမြင့်ကြည်က ထောက်ခံလိုက်၏။

"ကျုပ် ... စဉ်းစားမိတာရှိတယ်"

"ဘာများလဲ ဦးကြီးသာအောင် ... "

"မသစ္စာတို့သားအမိကို ရွာမှာမထားဘဲ တောင်ညီနောင်ဘက်မှာ ပြောင်းနေနိုင်းရင် ကောင်းမယ်"

"ဖြစ်ပါ့မလား"

ကိုဖိုးဝင်းကပြောလေရာ ... ဦးကြီးသာအောင်က ...

"တို့တွေ သူကြီးဝိုင်းပြောရင်ရမှာပါ ... အခုလို ရွာနာနေတော့ ဘယ်ကောင်းမလဲ ... ကလေးတွေလည်း လန့်လိုလန့်၊ လူကြီးတွေလည်း မသေသင့်ဘဲသေ၊ တစ်ခါတစ်လေ နွားတွေတောင် ချည်တိုင်ချိုးထားရင်း လန့်နေကြတာ"

"အင်း ... ဟုတ်တော့ဟုတ်ပါတယ်"

အခုဆုံးတဲ့မိပိုးအမေ ဒေါ်မေစိုးဆုံးတာ ဘာရောဂါမှမယ်မယ်ရရရှိ





တာမဟုတ်၊ ဒေါ်မေစိုး မတိုင်ခင် သေဆုံးသူတွေလည်း ထိုကဲ့သို့ပင် ဖြစ်သည်။

"တောင်ညီနောင်ဘက်က မြေကြမ်းတော့ သူတို့သားအမိ နေပါ့မလား"

"ရွာကလက်မခံရင် နေရမှာပဲ သူတို့သားအမိ ရွာထဲရှိနေလို့ ကြာရင် ရွာပြုတ်သွားမယ် ... ခင်ဗျားတို့ အသေခံနိုင်ရင် သူတို့သားအမိကို ရွာမှာထောက် ထားကြ"

ကိုမြင့်ကြည်က စကားကို ခပ်တင်းတင်းပြောလိုက်ရာ စကားဝိုင်းထဲက လူတွေ ဘာတစ်ခွန်းမှပြန်မပြောဘဲ ငြိမ်သက်လို့သွားတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

"အခုလို လှူဒါန်းရတဲ့အကျိုးကြောင့် ဒကာမတို့သားအမိ စိတ်ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ အရှင်ဘုရား ..."

ရွာဦးကျောင်းဆရာတော်ကို ခြံထဲစိုက်ပျိုးထားသည့် ဗူးပင်မှ ဗူးသီးသီးတာကိုရူးကာ လာရောက်ကပ်လှူသော မသစ္စာတို့သားအမိအား ဆရာတော်မှ ဆုပေးလိုက်သည်။

"ဒကာမောင်ရင်မောင်မရှိတော့ ဒကာမတို့သားအမိ လုပ်ကိုင်စားရတာ အဆင်မပြေဘူးထင်ပါတယ်"

"တင်ပါ့ဘုရား ..."

"အေးကွယ် ... မရှိတဲ့အရာကို တမ်းတနေလည်း စိတ်ပင်ပန်းရုံပဲ ရှိမှာပေါ့၊ ဒကာမလဲ ကိုယ့်သားလေး ဝမ်းဝဖို့ကြိုးစား ..."

"တင်ပါ့ဘုရား ... တပည့်တော်တို့သားအမိ ပြန်ပါဦးမယ်"

"အေးကွယ် ... အေး ... အေး ..."





မသစ္စာတို့သားအမိက ဆရာတော်ကို ဝတ်ပြုကာ ကျောင်းဆင်မှ ဆင်း၍လာခဲ့သည်။

ကိုရင်မောင်ရှိစဉ်က ရွာအပြင်ဘက် မြေလွတ်မြေရိုင်းကို ခုတ်ထွင်ရှင်း ကာ ယာခင်းလေး သုံးကေလောက်ကို စိုက်ပျိုးစားကြသည်။ ယာအလုပ်နားချိန်၌ ကိုရင်မောင်က တောဘက် ဝါးခုတ်၊ မျှစ်ချိုးစတဲ့အလုပ်တွေကို လုပ်ကိုင်ကာ သူတို့မိသားစုလေး စားဝတ်နေရေးအဆင်ပြေအောင် ရှာဖွေကျွေးခဲ့သည်။

အခုတော့ သားအမိနှစ်ယောက်တည်းရှိတော့ ဝမ်းရေးအတွက် ခက်ခက်ခဲခဲကို ရှာစားခဲ့ရသည်။

ယာစိုက်ဖို့မြေကို ထွန်ယက်တော့လည်း မသစ္စာကိုယ်တိုင် ထွန်ရသည်။ ယာမြေပေါ်၌ ရာသီအလိုက်ပဲ၊ နှမ်းတို့ကို စိုက်ရသိမ်းရအလုပ်မှာ မိန်းမသား တစ်ယောက်အတွက် အဆင်မပြေပါ။

သို့သော်လဲ ...

မိသားစုဝမ်းရေးအတွက်ဆိုတော့ ကြိုးစားပြီးလုပ်ကိုင်ရတာ ပင်ပန်းလွန်းလှသည်။

"မေမေ ... ဒီနေ့ရွာထဲသွားရင် သားလဲလိုက်မယ်နော်"

"မလိုက်ပါနဲ့သားရယ် ... နေပူပါတယ်၊ အိမ်မှာအောင်နက်နဲ့နေနော်"

ဘုန်းကြီးကျောင်းကအပြန်မှာ မင်းကိုကပူဆာလို့ မသစ္စာက ချော့ကာ ပြောလိုက်၏။

"ယာထဲမှာ မေမေအလုပ်လုပ်ရင် သားလဲဝိုင်းလုပ်ပေးမယ်လေ"

"အမလေးသားရယ် ... သားပင်ပန်းတဲ့အလုပ်မလုပ်ရပါဘူး မေမေ လုပ်ပါ့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုလေးက အရွယ်နဲ့မလိုက်အောင် သိတတ်လွန်းတာကြောင့် မသစ္စာ အချစ်ပိုရသည်။

"သား – မေမေ့နောက်လိုက်ရင် အောင်နက်ကိုခေါ်ခဲ့မယ်လေ"

"သား – ယာထဲသွားရမှာအဝေးကြီး၊ အောင်နက်နဲ့သာ အိမ်မှာနေပါသားရယ် – သားလေးကလိမ္မာပါတယ်"

မသစ္စာက နားလည်အောင်ပြောပြတော့ မင်းကိုက ခေါင်းညိတ်လိုက်သည်။

မင်းကိုမှာတော့စရာအဖော်မရှိ ကိုရင်မောင် တောထဲကခေါ်မွေးထားသော အောင်နက်ဆိုသည့်ခွေးနှင့်သာ ဆော့ရသည်။

အောင်နက်ကလည်း လူ့စကားကို အလွန်နားလည်တာကြောင့် မင်းကို ကို လူတစ်ယောက်လို ဆော့ပေးရှာသည်။ ကိုရင်မောင်သေတော့လည်း အောင်နက်မှာ သုံးရက်လုံးလုံး ထမင်းမစား၊ အခေါင်းတင်ထားသည့် စင်အောက်ဝင်ကာ အိပ်နေသည်။ ကိုရင်မောင်ကို သင်္ဂြိုဟ်တော့ သင်္ချိုင်းထိ လိုက်ပို့၏။

ခုချိန်ထိ တစ်ရက်တစ်ခေါက် သင်္ချိုင်းရှိ ကိုရင်မောင်မြေပုံဆီသို့သွားလေ့ရှိသည်။

သခင်ကို အလွန်ချစ်သော ခွေးတစ်ကောင်ဖြစ်သလို သခင်မိသားစုကိုလဲ သခင်မရှိခိုက် စောင့်ရှောက်ပေးကာ ခြံထဲသို့ တော်ရုံလူစိမ်းဝင်လို့မရ။

ရွာကလူတွေကတော့ အောင်နက်ကိုမြင်လျှင် ခဲများ၊ လေးခွများနှင့် ပစ်ကြသည်။ တစ်ကိုယ်လုံး မဲနက်နေသော အောင်နက်ကို ရွာကကလေးတွေ ကခေါ်ကြသည်။ တခွေးခွေးနက်ကြီး – တဲ့။

■ ■ ■


ရီရင့်အောင်စာပေ

ထူးဆန်းတဲ့ခွေးအူသံကြောင့် လိုက်ကြည့်ချင်စိတ်တွေပေါ်လာပြီး
နောက်မှလိုက်လာရာ ...

www.burmeseclassic.com

www.burmeseclassic.com





မိုးရာသီဆိုတော့ ပတ်ဝန်းကျင်တစ်ခုလုံး စိုစွတ်လို့နေတယ်။ မှန်တိုင်းကြောင့် ရွာတဲ့မိုးက တစိမ့်စိမ့်နဲ့ ရွာနေလိုက်တာ စဲကိုမစဲတော့ဘူး။

ကျွန်တော်လည်း စာအုပ်တစ်အုပ်ကိုဖတ်ရင်း အေးစိမ့်နေတဲ့ ရာသီဥတုရဲ့အငွေ့အသက်ကို ခံစားနေစဉ်မှာပဲ ...

"တူ ... တူ ... "

"ဟင်"

ဖုန်းသံက ရုတ်တရက် ထမြည်တာကြောင့် ကောက်ကိုင်ရင်း -

"ဟဲလို"

"ဆရာ ဖွားလောက်ကြီးလား"

"ဟုတ်ပါတယ် ခုပြောနေတာက ... "

တစ်ဖက်အသံရှင်က မိန်းကလေးတစ်ယောက်ရဲ့အသံ ... အသံလေးက တုန်တုန်ရီရီနဲ့ ...

"သမီးနာမည် သီဂီပါ ... "

ပြောတော့ ကျွန်တော်က ...

"ပြောလေ ... သီဂီ သမီး ဘာပြောချင်တာလဲ ဆရာ နားထောင်ပေးမယ်"

"ဆရာ့ကို မေးမလို့ပါ"

"မေးလေ"

စကားလမ်းကြောင်း ဖွင့်ပေးလိုက်တော့ ...



"သရဲခြောက်တယ်ဆိုတာ တကယ်လားဟင်"

"အင်း ... မကျွတ်မလွတ်ဖြစ်နေတယ်ဆိုရင်တော့ ခြောက်တတ်တာပေါ့ ဘာလို့လဲ"

"ဟင် ... "

တစ်ဖက်ဖုန်းသံမှ သက်ပြင်းချလိုက်သံကို ကျွန်တော်ကြားလိုက်ရတယ် ...

"သမီး ... သရဲအခြောက်ခံရလို့လား"

"ဟုတ်မယ်ထင်တယ်ဆရာ ... ဟင့် ... ဟင့် ... သီဂီက ဖုန်းပြောရင်း ငိုနေတယ်၊ ကျွန်တော်လည်း စာနာစွာနဲ့ပဲ ...

"သီဂီ ဘာလို့ငိုနေတာလဲ ... သီဂီမှာ အခက်အခဲရှိရင် ဆရာ့ကို ပြောပါ လိုအပ်ရင် အကြံဉာဏ်ပေးမှာပေါ့"

ဆိုလေရာ သီဂီက ...

"ဒီလိုပါ ဆရာ ... သီဂီနဲ့ကိုနဲ့ ချစ်သူသက်တမ်း ငါးနှစ်ပြည့်တဲ့ အချိန်မှာ လက်ထပ်ခဲ့ကြပါတယ် ...

ဟိုးအရင် ချစ်သူတွေဘဝထဲက တစ်ယောက်ကို တစ်ယောက် နားလည်မှုရှိခဲ့ကြတော့ အိမ်ထောင်သည်ဘဝမှာလည်း ပျော်ပျော်ရွှင်ရွှင်ပါပဲ ... လွန်ခဲ့တဲ့ တစ်လက အိမ်ထောင်သက်တမ်း နှစ်နှစ်ပြည့်တော့ အထက်အညာဘက်ကို ဘုရားဖူး ထွက်ကြတယ် ...

ကံဆိုးချင်တော့ သီဂီတို့ကားမှောက်ကြတယ် ... ကိုက ပွဲချင်းပြီးဆုံးသွားတယ် ... ဟင့် ... "

ရှိုက်သံက ထွက်လို့လာပြန်တယ်၊ ပြီးမှ -

"သီဂီက သာမန်အထိရာလောက်ပဲရခဲ့တယ် ... သီဂီတို့က စမ်းချောင်းမှာ တိုက်ခန်းငှားပြီး အိမ်ထောင်စကျထဲကနေတာ

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းထမ်းလာခဲ့တစ္ဆေ

အခန်း (၃)

"အူး ... ဝူး ... "

လွန်စွာကျယ်လောင်လှသော ခွေးအူသံကြောင့် အိပ်မပျော်သေးသည့် ရွာထဲကလူတွေ အထိတ်တလန့်ဖြစ်သွားကြသည်။

ညဉ့်ကလည်းနက်သေးတာမဟုတ်။ အချိန်က ညရှစ်နာရီကျော်ကျော် လောက်သာ ရှိသေးသည်။

"ဘယ်အချိန်ရှိသေးလို့ ခွေးကအူနေရတာလဲ ... ကလေးတွေ အိပ် အောက်မဆင်းစေနဲ့နော် ... "

"ကလေးတွေက အိပ်နေကြပြီ ... ခွေးအူတာက ကြောက်စရာကြီး"

ကိုဖိုးထိန်နှင့်မိဖင်တို့ လင်မယားနှစ်ယောက် ပြောဆိုနေကြပြီး ခွေး အူသံကို နားစွင့်ထားကြသည်။

"အူး ... ဝူး ... "

ခွေးအူသံကလည်း ရွာလယ်လမ်းမတစ်လျှောက် ရပ်နားခြင်းမရှိတဲ့





အူတာ ... ရွာထဲရှိ ဘယ်ခွေးမှလိုက်အူခြင်းမရှိကြ။

ထုံးစံဆို ခွေးတစ်ကောင်အူလိုက်သာနှင့် ကျန်ခွေးများကပါလိုက်ပါ၍ အူတတ်ကြသည်။

ခုတော့ ... ထိုသို့မဟုတ် အူနေသောခွေးတစ်ကောင်ရဲ့အသံကို ကြားနေရသည်။

ကိုဖိုးထိန်က တောလိုက်မုဆိုးတစ်ယောက် ကြောက်လည်းမကြောက် တတ်။ သူခွေးအူသံကို စိတ်ဝင်တစားဖြစ်မိတာကြောင့် လိုက်ကြည့်ချင်စိတ်တွေ ဖြစ်ပေါ်လာသည်။

"အူး ... ဝူး ... "

ခွေးအူသံကလည်း သူတို့ခြံရှေ့ကျော်ကာ ရွာထိပ်ဘက်သို့ ထွက်သွား သည်ကိုကြားရ၏။

ကိုဖိုးထိန်လဲ သူ့မိန်းမ မိဖင်အား ...

"မိဖင် ... ခဏလေးနော်၊ ငါအပြင်သွားဦးမယ်"

"အို ... ရှင်ကလည်း ဟိုခွေးအူတာ မကြားဘူးလား။ ကြောက်စရာ ကြီး ... မသွားပါနဲ့ ... "

မိဖင်ကတားရာ ကိုဖိုးထိန်က ...

"ဘာကြောက်စရာရှိလဲ ... ခွေးအူတာဆန်းတာမှတ်လို့"

"အဲလိုခွေးအူရင် ရွာမှာတစ်ယောက်မဟုတ် တစ်ယောက်ဆုံးတာ ရှင် သိရဲ့သားနဲ့"

"အေးပါဟာ ... အဲလိုခွေးအူရင် လူသေတယ်ဆိုတာ ငါသိချင်သို့ကို လိုက်ကြည့်မှာ ... "

ကိုဖိုးထိန်က ပြောပြောဆိုဆိုနှင့် တံခါးဝတွင် ထောင်ထားသော ဓါးရင်း တုတ်ကြီးကိုကိုင်ကာ အမှောင်ထဲသို့ ဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... "

မိဖင်တစ်ယောက် သက်ပြင်းကိုချလိုက်၏။ ကိုဖိုးထိန်က ဖွတ်တချွတ် တဖောက်ကန်းသမား ထင်ရာစွတ်လုပ်တတ်တာကြောင့်လည်း စိတ်ပူမိသည်။

တစ်ခုတော့ရှိသည်။ ထိုခွေးအူသံကြားပြီးနောက် သေဆုံးသွားသော သူများမှာ မိန်းမများသာဖြစ်သည်။ ကိုဖိုးထိန်တစ်ယောက် အိမ်ကထွက်သွားပြီး ပြန်အလာကို မိဖင်တစ်ယောက် ရင်တထိတ်ထိတ်နှင့်မျှော်နေရသည်။

"အူး ... ဝူး ... "

ခွေးအူသံကလည်း ရွာထိပ်မှာပြန်လှည့်ကာ ရွာအနောက်တက်ဆီသို့ ဉးတည်လာသဖြင့် မိဖင်ရင်ထဲ ပို၍ထိတ်ခနဲ ဖြစ်သွားသည်။

ထိုစဉ် ...

"မိဖင်ရေ ... လုပ်ပါဦး ... "

အသံနက်ကြီးဖြင့်အော်၍ ခြံထဲပြေးဝင်လာသော ကိုဖိုးထိန်ကို မိဖင် တွေ့ရသည်။

"ကို ... ကိုဖိုးထိန် ... ဘယ်လိုဖြစ်တာလဲ"

"မိ ... မိဖင် ... "

ကိုဖိုးထိန်က မိဖင်နာမည်ကို အထစ်ထစ်အငေါ့ငေါ့ခေါ်ကာ အိမ်ရှေ့ ကွပ်ပျစ်ဘေးတွင် ပုံရက်သားလဲကျသွားသည်။

"အမလေး ... ကိုဖိုးထိန် ရှင်ဘယ်လိုဖြစ်တာလဲ"

မိဖင်က ကိုဖိုးထိန်အားပြေးပွေ့ကာ ထားလိုက်သည်။ ကိုဖိုးထိန်ရဲ့ မျက်ဖြူကလှန်နေပြီး မောဟိုက်လွန်းသဖြင့် ရင်ဘတ်ကနိမ့်ချည်မြင့်ချည် ဖြစ်နေ၏။

"မိ ... မိဖင် ... "

"ပြော ... ကိုဖိုးထိန် ရှင်ဘာကိုတွေ့ခဲ့လို့လဲ"





"ဟော ... ဟော ... ခေါင်း ... ခေါင်းထမ်းလာတဲ့ တစ္ဆေကြီး"

"ကိုဖိုးထိန် ... "

ကိုဖိုးထိန်ရဲ့ ဇက်ကျိုးကျသွားသည်။ မိဖင်ရဲ့အသံကုန်ဟစ်သံက တိတ် ဆိတ်နေသော ညအမှောင်ကို ထွင်းဖောက်ကာ ထွက်ပေါ်သို့ သွားတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

ယာထဲမှပြန်လာသော မသစ္စာတစ်ယောက် နေပူလွန်းသဖြင့် အရိပ်ကောင်းသော ညောင်ပင်ကြီးအောက်ဝင်ကာ ခေတ္တအနားယူလိုက်သည်။

ယောကျ်ားမရှိ၍ မိန်းမသားတစ်ယောက်ထဲ ရုန်းကန်နေရသည့်တစ်တွင် မသစ္စာတစ်ယောက် တစ်ခါတစ်ရံ စိတ်ဓာတ်ပင်ကျချင်လာသည်။

နွားနှင့်ဖက်ရုန်းရသည့် ယာအလုပ်ရဲ့ပင်ပန်းမှုဒဏ်ကို သူလိုမိန်းမသားမပြောနှင့် ယောကျ်ားများပင် မခံနိုင်ကြ။

ရုပ်ရည်က အလွန်ချောလှသော မသစ္စာတစ်ယောက် သူလုပ်ရသည့် အလုပ်နှင့်ဘယ်လိုမှမအပ်စပ်စွာ လုပ်ကိုင်နေရသော်လည်း ဘဝပေးအခြေအနေအရ လုပ်ကိုင်နေရသည်။

အမိက သူ့သားလေး ဖအေမဲ့ဘဝဖြင့် ပတ်ဝန်းကျင်မှာ မျက်နှာငယ်ရတဲ့အထဲ စားစရာမရှိလျှင် ပို၍တောင် ဒုက္ခရောက်မည်ကို သူစိုးရိမ်ခဲ့သည်။

"ဟင် ... "

မသစ္စာလည်း သူ့ဘဝကိုသူတွေးစဉ် ခပ်လှမ်းလှမ်းမှ လမ်းလျှောက်လာသော သုဘရာဇာ ဦးဖြူသီးကို တွေ့လိုက်သည်။ ဦးဖြူသီးက ကြီးမား





သော လွယ်အိတ်ကြီးကိုလွယ်လျက် သူထိုင်နေရာ ညောင်ပင်ရှေ့အရောက်တွင် –

"မိန်းကလေး ... ယာထဲက ပြန်လာတာလား"

"ဟုတ်တယ် ... သုဘရာဇာကြီး နေပူလွန်းတော့ ခဏဝင်နားတာပါ"

"အေး ... "

သုဘရာဇာကြီးလည်း မသစ္စာ၏ မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်ပြီး . . .

"ငါ ... တူမလည်း ပင်ပန်းလှပါတယ်ကွယ်၊ ယာအလုပ်ဆိုတာ သိပ်ပင်ပန်းတာ ယောကျ်ားတွေတောင် ခံနိုင်တာမဟုတ်ဘူး"

"ယာအလုပ်မှ မလုပ်စားလဲ ဘာအလုပ်လုပ်စားရမှာလဲ၊ သုဘရာဇာကြီးရယ် ... "

မသစ္စာကပြောတော့ သုဘရာဇာကြီးက ...

"ဟုတ်ပါတယ်လေ ... မောင်ရင်မောင်သာရှိရင် ငါ့တူမ အခုလိုပင်ပန်းမှာမဟုတ်ဘူး ... ခုတော့ ... "

"ဘာတတ်နိုင်မှာလဲ ... သားလေးကိုလဲ ကျောင်းထားပေးချင်ဘယ်စားဖို့တောင်အနိုင်နိုင်ဆိုတော့ ... "

သုဘရာဇာကြီးက စိတ်မကောင်း။ ကိုရင်မောင်က သူ့ယာကွက်အေးမှာ သချိုင်းဆိုတော့ ယာထဲလာရင်း သုဘရာဇာကြီးနှင့်ခင်မင်ကာ မိတ်ဆွေတွေဖြစ်ခဲ့ကြသည်။

အလွန်သဘောကောင်းသော ကိုရင်မောင်ကို သုဘရာဇာကြီးက တူအရင်းတစ်ယောက်လို ခင်မင်၏။ ကိုရင်မောင်နှင့်ပတ်သက်၍ မသစ္စာသားအမိကိုလည်း ခင်မင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်မောင်ဆုံးတော့ သုဘရာဇာကြီးက ကိုရင်မောင်အုတ်ဂူကို လုပ်ပေးသည်။

"အေးကွယ် ... အကူအညီလိုရင်ပြော ... ဦးကြီး ကူညီပါ့မယ်ကွယ်"

"ကျေးဇူးတင်ပါတယ် ဦးကြီးရယ် ... ရွာကလည်း ကျွန်မတို့သားအမိကို အမြင်စောင်းနေကြတယ်"

"ဟေ ... ဘာလို့လဲ"

သုဘရာဇာကြီးက မျက်လုံးကြီးပြူးကာ မေးလိုက်၏။

"ရွာမှာ အခုလူတွေသေနေတာ ကိုရင်မောင်ကြောင့်လို့ ပြောနေတယ်လေ ... "

"ဘာဆိုင်လို့လဲ"

"တိုက်ဆိုင်တာလားတော့မသိဘူး သုဘရာဇာကြီးရယ် ... ရွာမှာ လူတစ်ယောက်သေတော့မယ်ဆိုရင် အောင်နက်က ရွာထိပ်ကရွာဖျား လျှောက်အူတော့တာပဲ ... အသံကလည်း ထစ်မျိုးပြောင်းသွားတယ် သုဘရာဇာကြီး"

"ဟေ ... အဆန်းပါလား"

"ဆန်းတာတော့ ပြောမနေနဲ့ သုဘရာဇာကြီးရေ ကျွန်မတို့သားအမိလဲ ရွာမှာနေစရာနေရာတောင် မရှိတော့ဘူး ... တချို့ကလည်း ပြောကြတယ်၊ ကိုရင်မောင် ခေါင်းနက်ကြီးထမ်းပြီး ရွာထဲလျှောက်သွားနေတယ်တဲ့"

"ဟာ ... ရွာထဲ ဘယ်လိုတွေ ဖြစ်နေတာလဲ'

မသစ္စာက အဝေးသို့ငေးကာ ကြည့်နေသည်။

ထိုစဉ် ...

ရွာဘက်မှ အောင်နက် တစ်ကောင်ပြေးကာလာသည်ကို တွေ့ရ၍ မသစ္စာက ...





"အောင်နက် ဘာဖြစ်လာတာလဲ မသိဘူး ... "

ထိုင်ရာမှထ၍ လှမ်းကြည့်လိုက်စဉ် အောင်နက်က အနားသို့ရောက်လာပြီး မသစ္စာ၏ ထမိန်စကိုကိုက်ကာ ရွာဘက်သို့ခေါ်ဟန်ပြသည်။

"အောင်နက် ... ဘာဖြစ်လို့လဲ"

"အင့် ... အင့် ... "

အောင်နက် ပါးစပ်ကအသံထွက်သော်လည်း တိရစ္ဆာန်ဖြစ်တာကြောင့် မသစ္စာ နားမလည် ... သုဘရာဇာကြီးက ...

"ဒီခွေးက ရွာကိုခေါ်နေတာတူမကြီး အကြောင်းရှိလို့နေမှာပေါ့"

"ဟုတ်ကဲ့ ... "

မသစ္စာလဲ အောင်နက် ခေါ်ရာသို့ အပြေးလိုက်ကာ ရွာသို့ပြန်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွာမှာလူတွေသေတာ နှင့်လင်တစ္ဆေကြီးကြောင့်လို့
ပြောကြပြီး သူတို့သားအမိအား ...



## အခန်း (၄)

ခြံဝိုင်းထဲရှိ တဲရှေ့တွင် ရွာထဲမှ လူတစ်ချို့ကိုတွေ့ရ၍ မသစ္စာ အံ့သြသွားသည်။ အိမ်ထဲမှ ပစ္စည်းတစ်ချို့ကိုလည်း အိမ်အပြင်ထုတ်ကာ ပုံထားသည်။

''ဘာ ... ဘာလုပ်ကြတာလဲ''

မသစ္စာက အိမ်ရှေ့ရှိလူများကိုကျော်ကာ ပစ္စည်းများကိုကြည့်၍မေး လိုက်သည်။ သူ့သားလေး မင်းကိုက ...

''ကျွန်တော်တို့ ပစ္စည်းတွေကို မလုပ်ကြပါနဲ့ဗျာ ... မလုပ်ပါနဲ့''

ရွာမှလူငယ်တစ်ချို့က အိမ်ပေါ်မှပစ္စည်းတို့ကို အိမ်အောက်သို့ ဆွဲချကာပုံနေသည်။

'' ဝုတ် ... ဝုတ် ... ''

အောင်နက်ကလည်း လူတွေကိုကြည့်၍ လိုက်ဟောင်နေသည်။ မသစ္စာက ...

''ကျွန်မတို့ပစ္စည်းတွေကို ဘာလို့အခုလိုလုပ်တာလဲပြော ... ''



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကိုမရှိတော့တဲ့အခန်းမှာ အခုဆို သီဂီတစ်ယောက်ထဲ ဘယ်လိုမှ မနေတတ်ဘူး”

“အင်း ... ဟုတ်ပါတယ်လေ”

ကျွန်တော်က စကားကိုထောက်ပေးလိုက်ရာ ...

“ညဘက်ဆို ခွေးတွေ တအားအူတာပဲဆရာ၊ အဲဒီအချိန်ဆို သီဂီ အိမ်ရှေ့ဝရံတာကိုထွက်ထွက်ကြည့်တယ်”

“ဘာလို့လဲ သီဂီ”

“ကိုများ သီဂီဆီလာမလားလို့ပါ”

“ဟင်”

ကျွန်တော် အံ့ဩလို့သွားတယ် ...

“ပြီးတော့လေ သီဂီ ကို့အတွက် ဘာကောင်းမှု ကုသိုလ်မှ လုပ်မပေးဘူး၊ ရက်လည်ဆွမ်းတောင်သွပ်မပေးဘူး ဆရာရယ်”

“ဟာ ... မဟုတ်သေးဘူးထင်တယ်”

“တကယ်ပြောတာ ဆရာ သီဂီက ကို့ကို သိပ်ချစ်တာ ကို ဘယ်ဘဝပဲရောက်ရောက် သီဂီကချစ်နေမှာ ... ဆရာရေးတဲ့ စာအုပ်တွေထဲမှာ ခြောက်လိုက်တဲ့ သရဲတွေ အခုတော့ သီဂီဆီကို ကိုက တစ်ခေါက်လေးတောင် လာမခြောက်ပါလား ဆရာရယ် ...”

“ဟင်း”

ကျွန်တော် သက်ပြင်းချလိုက်တယ်။ လူတိုင်းလူတိုင်းမှာ ကြောက်စိတ်တော့ရှိကြတယ်။ သူတို့ ဘယ်လောက်ပဲချစ်ကြခင်ကြပါစေ ဘဝခြား သွားရင် တွေ့ချင်ဆုံချင်တဲ့စိတ်မရှိကြတော့ ...

အခု ... သီဂီဆိုတဲ့ ကောင်မလေးက တစ်မျိုးဆန်းနေပြန်တယ်လေ ...

“သီဂီကို ဆရာပြောမယ် သေချာနားထောင်နော်”



“ပြောပါ ဆရာ ...”

“သီဂီက သီဂီယောကျ်ား ဝိညာဉ်ဘဝနဲ့ပဲလာလာ မျှော်နေတာမလား”

“ဟုတ်တယ် ဆရာ ကို့ကို သင်္ဂြိုဟ်တဲ့ သချိုင်းက မြေတောင်အခန်းထဲယူထားတယ်”

“ဟုတ်ပြီလေ နာနာဘာဝဆိုတာ ခဲလေးသဲဖြစ်ဖြစ် အပင်သေးလေးသဲဖြစ်ဖြစ် ကပ်တွယ်လို့ရရင် ကပ်တွယ်ထားတတ်တယ်၊ တခြားမကောင်းဆိုးဝါးတွေက ကပ်တွယ်ပြီး သီဂီအခန်းထဲရောက်နေရင် ဘယ်လိုလုပ်မလဲ”

“အို ... သီဂီက ကို့ကိုပဲခေါ်တာ”

“ဟုတ်ပါတယ် သီဂီရဲ့ ကိုက တစ္ဆေသရဲမဖြစ်ဘဲ တခြားဘုံရောက်သွားရင် သီဂီဆီ ဘယ်လာလို့ရပါတော့မလဲ ... အကောင်းဆုံးက သူ့အတွက် အထောက်အပံ့ဖြစ်အောင် ကောင်းမှုကုသိုလ်တွေရည်စူးပြီး လုပ်ပေးလိုက်ပါ”

“ဆရာပြောသလိုဆို ကိုက တခြားဘုံတစ်ခုကိုရောက်သွားလို့ သီဂီဆီ မလာတော့တာပေါ့နော်”

“ဟုတ်မှာပါ ပစ္စုပ္ပန်မှာသာ အကောင်းဆုံးဖြစ်အောင် သီဂီနေလိုက်ပါတော့”

“ဟင့် ... ဟင့် ...”

တစ်ဖက်မှ ရှိုက်သံကအဆက်မပြတ်ထွက်ပေါ်လာတော့ ကျွန်တော် လည်းဖုန်းကိုအသာအယာ ချလိုက်တော့တယ် ...

လူတော်တော်များများဟာ တစ္ဆေအခြောက်ခံရမှာကြောက်ကြတယ် ... ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း စတာတွေကို မခံစားချင်ကြဘူး ...

သို့သော်လည်း ...

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့သားအမိကို ရွာထဲမထားချင်လို့ဟေ့ ... သူကြီးဆီကလည်း ခွင့်တောင်းပြီးပြီ ..."

ဒေါ်ခင်တင့်က ခါးကိုထောက်လျက် အသံကျယ်ကျယ်နှင့်ပြောရာ မသစ္စာက ...

"ကျွန်မတို့ ဘာလုပ်လို့လဲ ... ကိုယ့်ခြံနဲ့ကိုယ်နေတာပဲ"

မင်းကိုလေးကလည်း သူ့အမေနားလာကာ ခါးကိုဖက်ထားသည်။

"မသိဘူး ... ငါတို့ဘာမှနားမလည်ဘူး၊ နင်တို့သားအမိ ရွာမှာ ရှိတာ ရွာနာတယ် ... ရွာကလူတွေသေတာ နင်တို့ကြောင့် ..."

"ဟာ ... ဘာဆိုင်လို့လဲ ..."

"ဘာလို့မဆိုင်ရမှာလဲ ... နင့်ယောက်ျား ရင်မောင်တစ္ဆေဖြစ်ပြီး ရွာ ထဲကလူတွေကို တစ်ယောက်ပြီးတစ်ယောက် လာခေါ်နေတာလေ၊ ကြာရင်လူကုန် တော့မယ် ... နင်တို့မရှိရင် သူလဲလာမှာမဟုတ်တော့ဘူး။ ရွာမှာလဲသေစရာ အကြောင်းမရှိတော့ဘူး"

ဒေါ်ချိုရဲ့ကျယ်လောင်တဲ့အသံကြီးက ထွက်လို့လာရာ မသစ္စာလည်း ပါးပေါ်သို့ မျက်ရည်များကျလာသည်။

"နင်တို့ရွာပြင်ထွက်နေ ... ဒါမှမဟုတ် တောင်ညီနောင်ဘက် ကိုပြောင်း"

"အို ... ကျွန်မတို့ ဘာမပြစ်မှုမရှိဘဲ အခုလိုလုပ်တာတော့ ဘယ် ကောင်းမလဲ"

"ဟဲ့ ... ရွာမှာ လူထပ်အသေမခံနိုင်ဘူး၊ ဖိုးထိန်လို လူမျိုးတောင် သေတာ၊ ကျန်တဲ့လူတွေဆို ပြောမနေနဲ့ ... ရပ်ရွာကလူတွေက နင်တို့ သားအမိကို ရွာမှာမနေစေချင်တာ"

မသစ္စာလည်း ရုတ်တရက် ဘာလုပ်ရမှန်းမသိ ရွာထဲကလူငယ်တချို့





က အိမ်ပေါ်မှပစ္စည်းတို့ကို တဘုန်းဘုန်းပစ်ချလို့နေသည်။

"လာ ... သား မေမေတို့ သူကြီးအိမ်ကိုသွားရအောင်၊ သူကြီးကို အကျိုးအကြောင်းပြောပြမယ်"

"ဟုတ်ကဲ့"

မသစ္စာက သူ့သားလေးကို လက်ဆွဲကာ ခြံထဲမှထွက်၍ သူကြီးအိမ် သို့ထွက်လာသည်။ အောင်နက်ကတော့ ခြံထဲကလူတွေကို လိုက်လံ၍ဟောင်နေ သည်။

ခြံဝိုင်းထဲကလူတွေက အောင်နက်ကိုခဲနှင့်ပေါက်၊ တုတ်နှင့်ရိုက်သော်လည်း အောင်နက်ကလုံးဝမပြေး။ သူ့သခင်ပစ္စည်းများကို အိမ်ပေါ်မှပစ်ချနေသူ များကို ဟောင်လို့သာနေသည်။

မသစ္စာလည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။ ရင်ထဲမှာလည်း ဗလောင်ဆူနေသည်။ သူကြီးအိမ်ရောက်တော့ အဆင်သင့်ပင် သူကြီးကိုတွေ့ ၏။

"သူကြီး ..."

"ဟေ ... မသစ္စာတို့သားအမိပါလား ... လာ ... ထိုင်လေ"

သူကြီးက သူ့အိမ်အောက်ထပ်ထိုင်ခုံမှာ မသစ္စာကို ထိုင်ခိုင်း လိုက်သည်။

"သူကြီး ... ရွာကလူတွေ ကျွန်မအိမ်ပေါ်က ပစ္စည်းတွေကို အောက်ပစ်ချနေတယ်၊ ပြီးတော့ ... ကျွန်မတို့သားအမိကိုလည်း ရွာမှာ မနေနဲ့တဲ့"

မသစ္စာက ငိုလျက်ပြောရာ သူကြီးရဲ့သက်ပြင်းသံကြီး ထွက်လို့သာ သည်။

"ဟင်း ..."



www.burmeseclassic.com

ပြီးတော့ ခေါင်းကို ဖြည်းဖြည်းချင်းခါလျှက် ...

''ဦးလေးလည်း ဘာမှမတတ်နိုင်ပါဘူးကွယ် ... တစ်ရွာလုံးက မသစ္စာတို့သားအမိကို တစ်မျိုးထင်နေကြတယ်''

''တစ်မျိုးထင်ရအောင် ကျွန်မဘာလုပ်မိလို့လဲ၊ တစ်နေ့ ... တစ်နေ့ ကျွန်မမှာ နွားနဲ့ဖက်ပြီးရုန်းနေရတာ ... ''

သူကြီးက ခေါင်းညိတ်လိုက်သည်။

''အများရဲ့ဆန္ဒဆိုတော့ ဦးလေးလည်း ဘာမှမတတ်နိုင်ဘူးလေ၊ တစ်ခုတော့ရှိပါတယ် ... ရွာကအထင်လွဲနေတုန်း တစ်နေရာရာမှာ သွားနေပါလား။ နောက်မှပြန်လာပေါ့ - ရွာမှာလူအသေအပျောက်နည်းသွားရင် ရွာကလူတွေလည်း ကျေနပ်သွားမှာပါ''

''သူကြီး ... ''

မသစ္စာရဲ့အသံက တုန်ခါလို့နေသည်။ မျက်ရည်တို့လည်း ဝိုင်းတက်လာပြီး ...

''ရွာမှာလူတွေသေတာ ကျွန်မတို့သားအမိကြောင့်လို့ သူကြီးကိုယ်တိုင်ထင်တာ ... ကျွန်မတအားဝမ်းနည်းတယ်''

''ဒါ ... ဒါက ... ''

''ရတယ် - သူကြီး ကျွန်မတို့ပြောင်းမယ်၊ ကျွန်မတို့ရွာမှာမရှိရင် သူကြီးတို့ရွာမှာ လူမသေပါစေနဲ့လို့ ဆုတောင်းပေးပါတယ်''

မသစ္စာက မတ်တတ်ထရပ်ကာ သူ့သားလေးကို လက်ကဆွဲလျှက် သူကြီးခြံထဲမှ ထွက်လို့လာခဲ့တော့သည်။

■ ■ ■



သခင်မ အုတ်ဂူကိုပတ်ကာ အူနေသည့်ခွေးနက်ကြီးအား ...

www.burmeseclassic.com

## ချိုနားရာသချိုင်း

### အခန်း (၅)

"ဟူး ... "

မသစ္စာတစ်ယောက် နဖူးတွင်စို့လာသော ချွေးတို့ကိုသူ့ခေါင်းတွင် ပေါင်းထားသော သဘက်ဖြင့်သုတ်လိုက်သည်။ မများလှသော အိမ်ပစ္စည်းတို့ကို လည်း ပေါ်သို့တင်ရာ သူ့သားလေး မင်းကိုကပါ ဝိုင်းတင်လို့ပေးသည်။

"မေမေ ... သားတို့ ဘယ်မှာသွားနေရမှာလဲဟင် ... "

မသစ္စာက သူ့သားပခုံးကို ဖက်လျှက် ...

"သင်္ချိုင်းကုန်းက ဘိုးဘိုးကြီးဆီမှာ ခဏသွားနေကြတာပေါ့ သားရယ်၊ နောက်မှအဆင်ပြေတဲ့တစ်နေရာ သွားနေရအောင်လေ"

"ဖေဖေနေတဲ့ နေရာမှာလားဟင် ... "

"အေးပေါ့ ... ဘိုးဘိုးကြီးက သဘောကောင်းပါတယ်၊ သားကို လည်း ချစ်တယ်လေ၊ နောက်မှသင့်တော်တဲ့နေရာ ပြောင်းကြတာပေါ့"

"ရတယ်မေမေ ... သားနေတတ်ပါတယ်"

အလိုက်သိလွန်းသည့်သားလေးအတွက် မသစ္စာကျေနပ်ရသည်။





မိခင် အပေါ် ကြင်နာသလို ဘဝကို အဆင်သင့်သလို ဖြတ်သန်းတတ်သည့် သူ့ရဲ့ သားလေးအပေါ် မသစ္စာ အချစ်ပိုရသည်။

"ရွာထဲမှာ မနေရလဲ စိတ်မကောင်းမဖြစ်နဲ့သား ... နောက်ဆို မေမေတို့ မြို့တက်နေကြတယ်"

"မြို့ဆိုတာ ဘာလဲဟင် ... "

မသစ္စာက သူ့သားကိုကြည့်၍ ပြုံးလိုက်သည်။ ပြုံးတဲ့အပြုံးက နာကျင်လို့ပြုံးတဲ့အပြုံးဖြစ်၏။ သူ့သားလေးက မြို့ဆိုတာ ဘာမှန်းမသိသလို တစ်ခါမှလည်း မရောက်ခဲ့ဘူး။

ကိုရင်မောင် မသေခင်က ပြောဖူးသည်။ ပဲကောင်းတဲ့တစ်နှစ်မှာ သူတို့ မိသားစုသုံးယောက် မြို့တက်ဘုရားဖူးကြမည်။ သူ့သားလေးကိုလည်း ရှင်ပြုပေးမည်။

အခုတော့လည်း ...

ကိုရင်မောင် ဆန္ဒမပြည့်ဝခဲ့သလို သူ့သားလေးလည်း မြို့ကို မရောက်ဘူးခဲ့။

"မေမေ ... သားမေးတာဖြေလေ၊ မြို့ဆိုတာ ဘာလဲလို့"

"အော် ... အင်း ... "

အတွေးလွန်နေသည့် မသစ္စာ သတိဝင်လာသည်။

"မြို့ဆိုတာ လူတွေအများကြီး ကားတွေရထားတွေ တိုက်ကြီးတွေရှိတယ် ... စားချင်တာလည်း အကုန်ဝယ်စားလို့ရတယ်လေ"

"အဟုတ်လား မေမေ ... "

"အဟုတ်ပေါ့သားရယ် ... တစ်နေ့ သားကို မေမေခေါ်သွားမယ်"

"တကယ်လား မေမေ ... "

"တကယ်ပေါ့ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှင်မြူးသွားသော သူ့သားလေးကိုကြည့်ကာ မသစ္စာရင်ထဲ ကြည်နူးသွားသည်။ ပစ္စည်းတွေ လှည်းပေါ်တင်ပြီးနောက် သူတို့နေခဲ့သည့် အိမ်လေးကို နှမြောတသစွာ ကြည့်လိုက်၏။

ဒီအိမ်လေးမှာ သူနှင့်ကိုရင်မောင်နေခဲ့ကြသလို သူ့သားလေးကိုလည်း ဒီအိမ်လေးမှာပဲ မွေးခဲ့သည်။ ခြံဝိုင်းကျယ်လေးထဲမှာ အိမ်လေးသေးသေးကို သပ်သပ်ရပ်ရပ်ဆောက်ထားတာကြောင့် နေချင်စဖွယ်ဖြစ်၏။

"မေမေ ... သွားတော့မလား ... "

"အေး ... အေး ... "

မသစ္စာက လှည်းပေါ်တက်လိုက်၏။ နွားနှစ်ကောင်ရဲ့ကြိုးကိုဆွဲ၍ မောင်းရင်း ခြံထဲမှထွက်လာသည်။ အောင်နက်ကတော့ လှည်းနောက်က လိုက်လာ၏။

ဆွေမရှိ မျိုးမရှိနေလာသည့် ဒီရွာလေးမှာ သူတို့သားအမိအတွက် သနားမည့်သူ ကူညီမည့်သူရှိတာမဟုတ်။ မသစ္စာက ကိုရင်မောင် မရှိပေမယ့် ကိုရင်မောင်ယူခဲ့သည့် မိသားစုတာဝန်ကို သူ့ပခုံးပေါ်ပြောင်းကာ တာဝန်ယူခဲ့သည်။ ရွာပြင်ရောက်တော့ နောက်သို့တစ်ချက် စိတ်နာနာနှင့်ကြည့်လိုက်သည်။

သူတို့ကြောင့် ရွာကလူတွေသေတာလား —

ရွာမှအနှင်ခံရသော သူတို့ဘဝရဲ့အဖြစ်ဆိုးအတွက် ဝမ်းနည်းနေပေမယ့် စိတ်ကိုတင်းထားလိုက်၏။

သူ့သားလေးကလည်း လှည်းမောင်းနေသည့် သူ့ဘေးမှာ ခပ်ကုပ်ကုပ်ထိုင်နေသလို အောင်နက်ကလည်း လှည်းနောက်က တကောက်ကောက်နှင့် လိုက်ပါလို့လာခဲ့တော့သည်။

* * *



"တူမကြီးတို့သားအမိ ဘာမှမပူကြနဲ့ ဦးငြိမ်းရဲ့တဲကအကျယ်ကြီး။ ကြိုက်သလိုနေလို့ရတယ်"

သုဘရာဇာကြီးက အားရပါးရပြောရင်း ကွမ်းကိုပလုတ်ပလောင်း ဝါးစားနေသည်။

"ကျွန်မကတော့ ယာထဲမှာတဲထိုးပြီး နေမယ်လို့စိတ်ကူးတယ် သုဘရာဇာကြီး ... "

"ဘာလို့လဲ တူမ ... ဒီမှာနေရတာ အဆင်မပြေလို့လား"

သုဘရာဇာကြီးက ကွမ်းကိုလုမ်းထွေးပြီးမေးသည်။

"ပြေတော့ပြေပါတယ်၊ သုဘရာဇာကြီးကို အားနာတာရယ်၊ သားလေးကို သချိုင်းမှာ မကြီးစေချင်တာရယ်ကြောင့်ပါ ... "

မသစ္စာစကားကြောင့် သုဘရာဇာကြီး တွေတွေကြီးစဉ်းစားလိုက်သည်။

မသစ္စာက သုဘရာဇာကြီးပုံကိုကြည့်၍ ...

"စိတ်မဆိုးနဲ့နော် ... သုဘရာဇာကြီး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီး နားလည်ပါတယ်၊ မိခင်တစ်ယောက်ရဲ့ မေတ္တာစေတနာကို လည်း ဦးကြီးနားလည်ပါတယ်၊ ယာထဲမှာနေမယ်ဆိုရင်လည်း ဦးကြီးတဲထိုးပေး မယ်"

"ကျေးဇူးတင်ပါတယ် သုဘရာဇာကြီးရယ် ... တဲထိုးဖို့ဆိုတာ လောလောဆယ် သစ်ဝါးကိစ္စ အဆင်မပြေသေးတော့ ..."

သုဘရာဇာကြီးက လက်ကာပြလိုက်ပြီး ...

"ဒီအတွက် ဘာမှမပူနဲ့ သချိုင်းထဲမှာ ဝါးတွေပေါမှပေါ ကြိုက် သလောက်ခုတ်လို့ရတယ် ... သစ်အတွက်လည်း အပင်ကြီးတစ်ပင်လောက် လှဲရင်ရတယ်လေ"

"သုဘရာဇာကြီးကို ဒုက္ခပေးသလို ဖြစ်နေတယ်"

"ရတယ်တူမ ... ရတယ် ဘာမှအားမနာနဲ့ ဦးကြီး ... ကြည့်စီစဉ် ပေးမယ်"

မသစ္စာလည်း သုဘရာဇာကြီးကိုမြေပြင်၌ထိုင်ကာ တရိုတသေ ဦးချ လိုက်၏။ သုဘရာဇာကြီးက ကျေနပ်စွာ ခေါင်းညိတ်၏။

မင်းကိုလေးကတော့ သချိုင်းထဲမှာနေရတာကို ပိုတောင်ပျော်နေလား မသိ။ အောင်နက်နှင့်ဆော့တာ ပြောင်းဆန်နေသည်။

ရွာထဲမှာနေတော့လည်း ရွာမှကလေးတွေက သူနှင့်မဆော့ကြ။

အောင်နက်နှင့်သာ ခြိုင်းထဲဆော့ခဲ့ကြသည်လေ။ သုဘရာဇာကြီးတဲ မှာလာနေရသော်လည်း စားစရာသောက်စရာ ပူစရာမလို။

သုဘရာဇာကြီးက အားလျှင်တောတက်၊ ဆေးမြစ်ရှာ ရောင်းသည့် ပိုက်ဆံက သူတို့အတွက်ဖူလုံသည်။ မသစ္စာ၏ ယာတဲက သချိုင်းနှင့်သိပ်မဝေး တာကြောင့် မင်းကိုနှင့်အောင်နက်က တစ်ခါတစ်ရံ လိုက်သွားကြသည်။

မသစ္စာလည်း သူ့ယောက်ျား ကိုရင်မောင် အုတ်ဂူကို အမြဲသန့်ရှင်း





ရေး လုပ်ပေးသည်။

ယာတဲမှာ တဲထိုးဖို့အတွက် လိုအပ်တာများကို သုဘရာဇာကြီးက စုဆောင်းပေးနေသည့်အတွက် တဲမထိုးဖြစ်သေး။

တစ်ညနေ ကိုရင်မောင် အုတ်ဂူရှေ့၌ မသစ္စာက မက်တတ်ရပ်လိုက် ပြီး ...

"ကိုရင်မောင် ... ရှင်ကတော့ ဘဝတစ်ပါးကို အေးအေးပြောင်းသွား ပြီ ကျွန်မတို့သားအမိကတော့ ရွာမှာမျက်နှာငယ်ငယ်နဲ့နေရပြီး ရွာကတောင် မောင်းထုတ်ခံရတယ်၊ ခုသချိုင်းမှာလာနေရတယ်လေ"

ပြောလေရာ ... သချိုင်းထဲရှိ ဝါးရုံပင်တစ်ရုံက

"ရှဲ ... "

လေမတိုက်ပါဘဲ လှုပ်ခတ်လို့သွားသည်။ မသစ္စာလည်း တစ်ကိုယ်လုံး ကြက်သီးများပင် ထလို့သွား၏။

ထိုစဉ် ...

အောင်နက်က သူ့ဘေးသို့ပြေးလာပြီး အုတ်ဂူကိုကြည့်၍

"အူး ... ဂူး ... "

အားရပါးရ အူလိုက်သည်။

"ဟဲ့ ... အောင်နက် ဘာလို့အူတာလဲ၊ တိတ်စမ်း ... နင်အခုလို ရွာထဲအူလို့ ငါတို့ကိုရွာက နှင်လိုက်တာသိရဲ့လား"

မသစ္စာက ဟန့်လိုက်ပေမယ့် အောင်နက်က အုတ်ဂူကိုတစ်ပတ်ပတ် ကာ အူပြန်သည်။

"အူး ... ဂူး ... "

"ဟာ ... ဒီခွေးတော့ ... "

မသစ္စာက အောင်နက်ကိုမောင်းလိုက်ပြီး သူနေထိုင်ရာ သုဘရာဇ



www.burmeseclassic.com

www.burmeseclassic.com




ထိုထိုသော လူများစွာထဲက "သရဲမျှော်နေသူလေး"နဲ့ ကျွန်တော် ဖုန်းပြောမိတော့ ...

ကျွန်တော့်ရင်ထဲ စိတ်မကောင်းစွာနဲ့ ထင်ကျန်ရစ်တော့တယ်...

★★★





ဖုန်းသံက အဆက်မပြတ် မြည်နေတာကြောင့် သောက်လက်စ ကော်ဖီကိုဘေးချပြီး ကောက်ကိုင်လိုက်တယ် ...

"ဟဲလို"

"ဟာ ... ဆရာဗွားလောက်ကြီးလား"

တစ်ဖက်မှ အရေးတကြီးလေသံနှင့်

"ဟုတ်ပါတယ် ... ခုပြောတာ ဘယ်သူပါလဲခင်ဗျာ"

"အောင်တင့်ပါ ကျုပ်တို့ရွာက ဒေါ်မြတင်ကြီးကို ဖုတ်ထုတ်လိုက်ပြီ"

"ဗျာ ... ဘယ်လို ကိုအောင်တင့်ပြောတာကို ကျွန်တော်မရှင်းဘူးဗျ"

ကျွန်တော်ကပြောတော့ တစ်ဖက်မှ

"ဒီလိုပါဆရာ ဒေါ်မြတင်ဆိုတဲ့ အဘွားကြီးက လွန်ခဲ့တဲ့ နှစ်နှစ်လောက်ထဲက လေဖြတ်သွားပြီး အိပ်ရာထဲလဲနေတာကြာပြီ၊

ပြီးခဲ့တဲ့ နှစ်လလောက်က အတော့်ကို မမာတာ သတိလည်း ခဏခဏလစ်သွားတယ်၊ သားသမီးတွေ မြေးတွေက ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ ဂရုမစိုက်နိုင်ဘူး ...

အဲလိုနဲ့ ညဘက်ဆို လမ်းမလျှောက်နိုင်တဲ့ ဒေါ်မြတင်က ထမင်းတွေဟင်းတွေ ထထစားတယ်၊ ဆံပင်ကြီးကိုလည်း ဖားလျားချထားတယ်၊ မျက်လုံးတွေကလည်း နီရဲနေတာ"

"ဆက်ပါဦး"

ကျွန်တော်က စကားထောက်ပေးလိုက်တယ် ...

www.burmeseclassic.com



တဲဆီသို့ လျှောက်လာသည်။ သူတို့နေသည့်တဲနှင့် ကိုရင်မောင်အုတ်ဂူက သိပ် ဝေးတာမဟုတ်။ လှမ်းကြည့်ရင် မြင်နေရသည်။ အောင်နက်ကတော့ ဘယ်လို ကြောင့်ရယ်မသိ အုတ်ဂူကိုလှည့်ပတ်လိုက် အမြီးကိုနှံ့လိုက်လုပ်ကာ သခင်ကို တွေ့၍အားရပျော်ရွှင်နေသည့်ပုံမျိုး လုပ်နေလေတော့သည်။

❖ ❖ ❖



မြို့ထဲသို့ တဖြည်းဖြည်းလှမ်းလို့လာသည့် ဈေးနက်ကြီးဘွားကြည့်နေရင်းမှ ..

ကြောက်မက်ဖွယ် မျက်နှာကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

"ဟော့ကောင် ထွေး ... လာကွာ ဟိုသရဲအိမ်ထဲ အရက်ဝင်သောက်မယ်"

အေးဆောင်က ပါးစပ်ထဲအရက်ကလေး နည်းနည်းဝင်လာတော့ သွေးက ကြွချင်လာသည်။ ထွေးက ခေါင်းရမ်းလိုက်ပြီး ...

"ဟာ ... မလုပ်နဲ့ ဟော့ကောင် ... ကိုရင်မောင် သေပြီးထဲက ရွာမှာ လူဘယ်နှစ်ယောက်သေသွားပြီလဲ သိရဲ့သားနဲ့"

"နေစမ်းပါကွာ ... ငါမယုံဘူး"

အေးဆောင်က အရက်နောက်တစ်ခွက်ကိုသောက်ရင်း ပြောတော့ ထွေးက ...

"ပရလောကသားတွေနဲ့ စိန်ခေါ်ပြီး ဘာမှမလုပ်နဲ့ လုပ်မိရင် ကိုယ်ပဲ ဒုက္ခရောက်တတ်တယ်"

ပြောရာ အေးဆောင်က မတ်တတ်ထရပ်ပြီး ...





"ဟော့ကောင် ထွေး ... အေးဆောင်ဘဝမှာ ဘယ်သူ့ကိုမှ မကြောက်ဘူး၊ ငါ ... အဲဒီအိမ်ထဲမှာ သွားအိပ်ပြမယ်"

"အပြောမကြီးစမ်းပါနဲ့၊ အေးဆောင် ... ကိုယ့်ဘာသာ အေးအေးနေပါ"

ထွေးစကားကြောင့် အေးဆောင်က ပို၍ဒေါသထွက်သွားပြီး ...

"မင်းနဲ့ငါနဲ့ လောင်းမလား"

"ဘာကိုလဲ ... "

"ငါ ... မသစ္စာတို့အိမ်မှာ ညသွားအိပ်မယ်၊ မနက်လင်းလို့ ငါဘာမှမဖြစ်ရင် မင်းသုံးရက်တိတိ ငါ့ကိုအရက်တိုက်မလား"

ထွေးက ရီဝေနေသော မျက်လုံးနှင့်အေးဆောင်ကိုမော့ကြည့်ပြီး

"တိုက်တာက တိုက်လို့ရတယ် ... မင်းကို သရဲကုပ်ချိုးသတ်မှာစိုးလို့ ... "

"ဟား ... ဟား ... "

အေးဆောင်က အားရပါးရ ရယ်မောလိုက်သည်။

ပြီးတော့ ...

"ရွာကလူတွေလည်း ကြောက်တွေပဲ မင်းတို့လည်း ကြောက်တွေပဲ သရဲတစ္ဆေဆို ဖင်တုန်အောင်ကြောက်ကြတယ် ... မင်းတို့တစ်ရွာလုံး မနေရဲ မထိုင်ရဲတဲ့အိမ်မှာ အေးဆောင် အရက်သောက်ပြ အိပ်ပြဦးမယ်ဟေ့"

အေးဆောင်က ကြိုးဝါးကာ ပုဆိုးကိုပြင်ဝတ်၍ အရက်တစ်လုံးကို ယူကာ ခါးကြားထိုးပြီး ဆိုင်ပြင်ထွက်လာသည်။

အေးဆောင် မိတ်တွေက ရွာမှာအချမ်းသာဆုံး၊ သူတို့သားကို အလိုလိုက်ကာ ဘာအလုပ်မှမခိုင်း အရက်သောက်၊ ကြက်တိုက်၊ ဟိုသွား ဒီသွား ပေတေလို့သာနေသည့် အေးဆောင်ကို ချစ်တဲ့စိတ်နှင့် အလိုလိုက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးဆောင် ... မသွားပါနဲ့ကွာ၊ ကိုယ့်တာသာ အေးအေးနေစမ်းပါ"

ထွေးက နောက်မှပြေးလိုက်ပြီး ပြောသော်လည်း အေးဆောင်က မရ။

"ကြောက်တတ်ရင် အေးဆောင်နဲ့မပေါင်းနဲ့၊ အေးဆောင် ဘဝမှာ ဘာမှမကြောက်ဘူး၊ ဘာကိုရင်မောင်လည်း ... ပြီးတော့ ဘာတဲ့တစ္ဆေခွေးနက်ကြီး ... ဘာမှမကြောက်ဘူးဟေ့ ... "

ထွေးစိတ်ညစ်သွားသည်။ အေးဆောင်ကို ဘယ်လိုမှပြောလို့မရမှန်း ထွေးသိလိုက်သည်။

ထို့ကြောင့် ...

"မင်းသွားအိပ်မယ်ဆိုရင် ငါပါလိုက်ခဲ့မယ် ... "

"အေး ... ဒီလိုလုပ်စမ်းပါ ထွေးရယ်"

အေးဆောင် ကျေနပ်သွားသည်။ အရက်ဆိုင်သို့တစ်ခေါက်ပြန်သွား၍ အမဲကြော်နှင့်အရက်များထပ်ဝယ်ကာ မသစ္စာတို့နေခဲ့သော အိမ်သို့ထွက်လာသည်။

ညကလည်း မှောင်နေတာကြောင့် သူတို့နှစ်ယောက်ခြံထဲဝင်သွားတာကို ဘယ်သူမှမသိကြ။

အိမ်ပေါ်တက်ပြီး မှောင်ထဲ၌ပင် အရက်ပုလင်းများနှင့်အမြည်းတို့ကို ချကာ သောက်စားကြသည်။ အတန်ကြာတော့ အေးဆောင်နှင့်ထွေးတို့ အတော့် ကို မူး၍လာသည်။

"ဘယ်မှာလဲ ... သရဲ အလကားလူတွေ ဒီအိမ်မှာ သရဲရှိတယ်၊ တစ္ဆေရှိတယ်နဲ့ ကြံဖန်ကြောက်နေကြတယ် ... "

"အေးဆောင် ... ညဥ့်လည်းနက်နေပြီ၊ ငါတို့လည်း အရမ်းမူးနေပြီ၊ ပြန်ရအောင် ... "





"ဟာ ... ထွေးက ဟုတ်မလိုလိုနဲ့ ကြောက်လာပြီမလား"

အေးဆောင်ကလှမ်း၍ ရိသဲ့သဲ့ပြောလိုက်ရာ ထွေးက ...

"ကြောက်လို့မဟုတ်ဘူးလေ၊ တို့တွေ ... ဒီမှာသောက်နေတာ ဘယ်လောက်ကြာပြီလဲ ... ဘာမှလည်းတွေ့တာမှမဟုတ်တာ ပြန်တာပဲ ကောင်းတယ်"

"ငါကတော့ မပြန်ဘူးကွာ၊ သရဲတွေ့အောင်စောင့်မယ်"

အေးဆောင်က နောက်နောက်ပြောင်ပြောင်နှင့် ကြမ်းပြင်ပေါ်လှဲကာ မူးဆိုးကို ခြိုလိုက်သည်။

ထွေးကတော့ အေးဆောင်ဘေးနားထိုင်၍ ဟိုကြည့်ဒီကြည့် လုပ်နေသည်။

ထိုစဉ် ...

"အူး ... ဝူး ... "

ရူးဝါးလှသော ကြောက်မယ်ဖွယ်ရာ ခွေးအူသံကြီးကိုကြား၍ ထွေး ခေါင်းထောင်သွားသည်။ တစ်ကိုယ်လုံးလည်း ကြက်သိန်းထလို့သွား၏။

"အူး ... ဝူး ... "

အဝေးမှကြားရသည့် ခွေးအူသံသည် တဖြည်းဖြည်းနှင့် သူတို့ရောက်နေသည့် မသစ္စာတို့အိမ်နားနှင့် နီးသထက်နီးလို့လာသည်။

"ဟင် ... "

ထွေးရဲ့ အကြည့်က ခြံဝသို့ရောက်လို့သွားသည်။

"ရှဲ ... "

လေမတိုက်ပါဘဲ ခြံဝမှ စည်းရိုးကြက်ခတ်ဝါးတို့ လှုပ်ရမ်းကာနေတာကြောင့် ထွေးတစ်ယောက် သူမျက်လုံးအကြည့်မှားတာလားဟုတွေးကာ မျက်လုံးကိုပွတ်၍ ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှဲ ... "

"ဟင်"

ဝါးပင်တို့က ပို၍လှုပ်ရမ်းလာသည်။

"အေး ... အေးဆောင် ... "

ပုဆိုးခြုံ၍ အိပ်နေသော အေးဆောင်အား ထွေးကလက်နှင့်လှုပ်ကာ နှိုး၏။

အေးဆောင်ကတော့ လှုပ်တောင်မလှုပ်။

"အူး ... ဝူး ... "

ခွေးအူသံကလည်း သူတို့ရှိရာ အိမ်နားနှင့် နီးသထက်နီးလို့ လာလေပြီ။

"အေးဆောင် ... ဟော့ကောင် ... ထ ... အေးဆောင်"

"ဟင် ... ဘာလဲကွာ ... "

အေးဆောင်ရဲ့မျက်လုံးကမပွင့်။ ပါးစပ်ကမေးပြီး ပြန်အိပ်သွားသည်။

"ဟင် ... "

ခြံဝတွင် နီရဲနေသော မျက်လုံးကြီးနှစ်လုံးက အိမ်ထဲသို့စိုက်၍ ကြည့်နေသည်။

ထွေးလည်း အေးဆောင်ကိုနှိုးမရ၍ ကြောက်ကြောက်နှင့် မတ်တတ် ထရပ်လိုက်သည်။

"ဟာ ... "

မဲနက်နေသော ခွေးကြီးတစ်ကောင်က ခြံထဲသို့ပြေးဝင်လာလေရာ

"အမလေး ... "

ထွေးက အသံကုန်ဟစ်၍ အိမ်နောက်ဘက်သို့ ပြေးဝင်သွားစဉ်

"ဟင် ... ကို ... ကိုရင်မောင် ... "





အိမ်အနောက်ဘက်မှ ကြောက်မက်ဖွယ်ရာ မျက်နှာကြီးဖြင့်တက်လာ သော ကိုရင်မောင်ကိုတွေ့ရသဖြင့် မျက်လုံးကြီးကိုပြူးကာ အလွန်သွေးပျက် ချောက်ချားစွာနှင့် နေရာ၌ပင်လဲကျသွားရာ အေးဆောင် ကိုယ်ပေါ်ကျသွား သည်။

"ဟာ ... ဒီကောင် ... "

အေးဆောင် လန့်နိုးလာပြီး ထွေးကိုယ်ကိုဆွဲဖယ်၍ သူ့ကိုအုပ်မိုးကာ ကြည့်နေတာ ဘယ်သူလဲဟု ကြည့်လိုက်သောအခါ ...

"ဟာ ... "

ခွေးနက်ကြီးတစ်ကောင်နှင့် ရွာမှာနာမည်ကြီးနေသည့် သရဲဖြစ်နေ သည်ဆိုသော ကိုရင်မောင်ရဲ့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ပုံကြီးတွေ့လိုက် ရာ ...

"အား ... ဘယ် ... ဘယ်သူလဲ ... "

တစ်ကိုယ်လုံးတုန်တက်ကာ မျက်လုံးကြီးပြူး၍ အေးဆောင်ကမေး လေရာ ...

"ဟား ... ဟား ... ဟား ... "

"အူး ... ဝူး ... "

လွန်စွာ ကြောက်စရာကောင်းလောက်အောင် ရယ်မောသံနှင့် ခွေးအူသံတို့ကြောင့် အေးဆောင်တစ်ယောက် မျက်လုံးကြီးပြူးကာ အသံပင်မထွက်နိုင်တော့ဘဲ ငြိမ်သက်လို့သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခွေးနက်ကြီးက သူ့သခင်ရဲ့ လိပ်ပြာစီးနေတာကြောင့် ...

## ဘယ်လိုသတ်သတ်မသေတဲ့ခွေး

### အခန်း (၇)

အေးဆောင်နှင့်ငထွားတို့ရဲ့ နှစ်လောင်းပြိုင်နာရေးကတော့ ရွာကဲ့အလွန်တရာ ထိတ်လန့်သွားစေသည်။ သူတို့သေတာလည်း မသစ္စာဝဲ့နေခဲ့တဲ့အိမ်မှာ–

သေသည့်ပုံစံက ရုပ်ပျက်ဆင်းပျက်၊ လွန်စွာထိတ်လန့်ကြောက်ရွံ့စရာမြင်ကွင်းကိုမြင်ရပြီး သေဆုံးရခြင်းဖြစ်သည်။

"သူကြီး ... ဟိုသားအမိကို ရွာကနှင်လိုက်လို့ မကြာသေးဘူး၊ ရွာမှာ လူထပ်သေပြန်ပြီ"

"အင်း ... ဘယ်လိုလုပ်ရမှန်း မသိတော့ပါဘူး ... သူတို့ကလည်း ဘာလို့ အဲဒီအိမ်သွားကြတာလဲ"

သူကြီးကခေါင်းကိုကုတ်ကာ ညည်းညည်းညူညူ ပြောလိုက်ဇ်၊ ဦးတိုးဝင်းက ...

"အေးဆောင်က ဖွတ်တရွတ်သမား သူလုပ်ချင်တာလုပ်တ၁



www.burmeseclassic.com

www.burmeseclassic.com



"အိမ်က လူတွေက ကြောက်လို့ ဘာမှမပြောရဲကြဘူး မနက်ဆို အိပ်ရာထဲလဲနေတာပဲ၊ ညဘက်မှာ သူ့အိမ်မှာ ထမင်းဟင်း မရှိရင် ရွာထဲက အိမ်ပေါ်တွေကို သန်းခေါင်ရောက်တာနဲ့ တက်စားတာပဲ၊ ရွာထဲကလူတွေက ကြောက်ကြတာပေါ့၊ ဒေါ်မြတင်ကြီးက သေသွားပြီ ဒေါ်မြတင်ရဲ့ ရုပ်ခန္ဓာကြီးကို ပုတ်ဝင်စီးတယ်ဆိုတာ အားလုံးသိကြ တော့ ဘာလုပ်ရမှန်းမသိကြဘူး ...

နောက်တော့ ရွာကို ဝတ်ဖြူစင်ကြယ်နဲ့အဘိုးအိုတစ်ယောက် ရောက်လာတယ်၊ ဒေါ်မြတင်အိမ်ကို တန်းသွားတယ်၊ အိမ်ပေါ်ရောက် တာနဲ့ ဒေါ်မြတင်ကြီးမနေနိုင်တော့ဘူး၊ ဂူဂူဝါးဝါး လုပ်တော့တာပဲ၊ အဘိုးအိုက ပြုံးပြီးကြည့်တယ်၊ ပြီးတော့ မင်းက ဘုရင်ဆိုတော့ အခမ်းအနားနဲ့ ထွက်ပေါ့ကွာ၊ မင်း ဘယ်အချိန်သွားမလဲဆိုတော့ ဒေါ်မြတင်အသံကြီးက ယောက်ျားကြီး တစ်ယောက်အသံနဲ့ ညဆယ့်နှစ်နာရီတဲ့ အဘိုးအိုက ဟုတ်ပြီ ကတိအတိုင်း တည်စေလို့ပြောပြီး အိမ်သားတွေကို ကန်တော့ပွဲတစ်လုံး ဖယောင်းတိုင် အမွှေးတိုင် တွေနဲ့ ရွှေထီးတစ်လက် အဆင်သင့်လုပ်ခိုင်းထားတယ်၊ ညရောက် တော့ ဒေါ်မြတင်ကြီးကို ရွှေထီးမိုး၊ ကန်တော့ပွဲနဲ့ဖယောင်းတိုင် အမွှေးတိုင်တွေကိုဘုရားလှူ သီးခြားရေပန်ခွက်ကို ဘုရားစင်ရှေ့ ထားပြီး အဘိုးအိုက ပရိတ်ရွတ်တော့တာပဲ ...

ညဆယ့်နှစ်နာရီရောက်တော့ အဘိုးအိုက သောက်တော် ရေကိုစွန့်ပြီး ဒေါ်မြတင်ကိုယ်ပေါ်ပြန်းလိုက်တာ ဝုန်းဆို ဒေါ်မြတင်ကြီး ထထိုင်တယ်၊ မျက်လုံးကြီးကလည်းနီရဲနေတယ်၊ လက်သီးကိုလည်း ခပ်ကျစ်ကျစ်ဆုပ်ထားတယ်၊ အဘိုးအိုက ပြုံးပြီး မင်းဘယ်ကကောင်လဲ



မေးတော့ ရွာထိပ်ညောင်ပင်ကတဲ့၊ မင်းလည်း မင်းနေရာသွားတော့ နောင် ဘယ်တော့မှ ရွာထဲဝင်မနှောင့်ယှက်နဲ့ နှောင့်ယှက်ရင် အတော်ခတ် မယ်ဆိုပြီး ဖန်ခွက်ထဲက ကျန်တဲ့ရေကို ကိုယ်ပေါ်လောင်းလိုက်တာ ဒေါ်မြတင်ကြီး ထိုင်လျက်က ထခုန်တာ ငါးပေလောက်မြောက်သွား တယ်၊ အောက်ပြန်ကျတော့ ဘာသံမှမထွက်ဘဲ လဲကျသွားတယ်။

ခဏနေတော့ ပုပ်ဆော်တွေနံလာတာ အနံ့မခံနိုင်ဘူး၊ မျက်စိရှေ့တင် ဒေါ်မြတင်ကြီးအလောင်း အရိုးပေါ်အရေတင်ပဲ ကျန် တော့တယ် ဆရာ ... "

"စိတ်ဝင်စားစရာပါလား"

"စိတ်ဝင်စားစရာ မဟုတ်ဘူး ဆရာရေ ကြောက်စရာကြီးဗျ၊ ဆရာက ပရလောကအကြောင်းရေးတဲ့ စာရေးဆရာဆိုတော့ လက်တွေ့ သိရအောင် ကျုပ်တို့ ရွာ လာကြည့်ပါလား၊ နောက်ရက်ဆို သင်္ကြိုဟ်မှာ ဒီနေ့လာရင် မှီတယ်"

"ဟုတ်ပြီလေ ကိုအောင်တင့်တို့ရွာလိုက်ခဲ့မယ်" ... no

ကိုအောင်တင့်က အားရဝမ်းသာနှင့် ..

"ဘိုကလေးမြို့ ဆည်တော်ရွာပါ"

"ဟုတ်ကဲ့ ကျွန်တော် ရောက်အောင်လာခဲ့ပါ့မယ်"

"ကျွန်တော် မျှော်နေမယ်"

ကိုအောင်တင့်က အားရဝမ်းသာဖုန်းချသွားတယ် ...

ထူးခြားတဲ့ ဇာတ်လမ်းတွေအတွက် တကူးတက သူတို့အရပ်ရဲ့ ဆန်းကြယ်တဲ့ ဖြစ်ရပ်တွေအတွက် သိရှိဖို့ ကျွန်တော် ခရီးထွက်ရဦး မယ် ...

www.burmeseclassic.com

www.burmeseclassic.com



ဘာမှလဲ အယုံအကြည်ရှိတာမဟုတ်ဘူး _ အဲဒီအိမ်ထဲမှာ အရက်ပုလင်းတွေ ခွက်တွေ တွေ့တာဆိုတော့၊ အရက်သွားသောက်ကြတာနေမှာပေါ့ ... ''

''ဟုတ်တယ်လေ _ အဲဒီအိမ်ထဲ ဘာအရက်ဝင်သောက်စရာရှိလဲ၊ သောက်စရာနေရာရှားလို့ဗျာ''

သူကြီးနှင့်ဦးတိုးဝင်းတို့ စကားစမြည်ပြောနေကြစဉ် ခြံထဲသို့ အေးဆောင်အဖေ ဦးကောင်းကြွယ်နှင့်အစ်မများဖြစ်တဲ့ ခင်ဆင့်၊ ခင်တင့်၊ ခင်မြင့်တို့ သုံးယောက်ဝင်လာကြသည်။

သူကြီးက သူတို့ကိုမြင်သွားပြီး ...

''လာဗျာ ... ထိုင်ကြဗျာ၊ ထိုင်ကြ ... ''

ပြော၍နေရာပေးလိုက်ရာ ဦးကောင်းကြွယ်တို့လည်း ထိုင်ခုံတန်းလျားတွင် ဝင်ထိုင်ကြသည်။

ဦးကောင်းကြွယ်ရဲ့မျက်နှာမကောင်း။ သားတစ်ယောက်လုံး ဆုံးရှုံးရသည့်အတွက် ပရိဒေဝမီးက အလွန်မှုကိုလောင်မြိုက်နေသည်။ အေးဆောင်နဲ့ အစ်မတွေရဲ့ မျက်နှာမှာတော့ ပိုထားရလွန်း၍ထင်သည့် မို့တက်နေပြီး မျက်လုံးတွေကလည်း နီရဲကာနေသည်။

''ကျုပ်သားသေရတာ ကျုပ်မကျေနပ်ဘူး။ ဒီကိစ္စ ... သူကြီး ဘယ်လိုလုပ်ပေးမလဲ''

''ဘယ်လိုလုပ်ပေးရမလဲ ဦးကောင်းကြွယ်''

ဦးကောင်းကြွယ်က သူတို့ နိုင်ပြင်ရွာမှာ အချမ်းသာဆုံး၊ ရွာရဲ့ သာရေး၊ နာရေးကိစ္စတွေကို လက်နှေးတတ်တာမဟုတ်၊ ဆွေဂုဏ်မျိုးဂုဏ်ကလည်း ကြီးလွန်းလှ၏။

''ကျုပ် _ ဟိုအကောင်ကို မကျေနပ်ဘူးဗျာ၊ ကျုပ်သားသေရတာ ဒင်းကြောင့်''





''ဘယ်သူ့ကို မကျေနပ်တာလဲ''

''ရင်မောင်လေ _ ရင်မောင်ကို မကျေနပ်တာ၊ သူ့အိမ်မှာကျုပ်သား အရက်သွားသောက်မိလို့ ဒီကောင်က ကျုပ်သားကိုသတ်တာ''

''ဟင်း ... ''

သူကြီးက သက်ပြင်းကိုချလိုက်သည်။

''ကျုပ်အနေနဲ့ ဘယ်လိုဖြေရှင်းရမလဲ၊ လူ့လောကကဆိုရင် အရေးယူလို့ရတယ် ... ပရလောကကလူဆိုတော့ ... ''

''သူကြီး အရေးမယူပေးရင် ယူလို့ရတဲ့နည်းနဲ့ ကျုပ်ယူမယ်''

ဦးကောင်းကြွယ်က ပြတ်ပြတ်သားသားကိုပြောတော့ သူကြီးလည်း ငြိမ်လို့သာနေသည်။

ဦးကောင်းကြွယ်ရဲ့သမီးများက ...

''ဟိုရွာသူမက သရဲမွေးထားတာကို သူမွေးတဲ့သရဲက ရွာကိုမွှေနေတာ သူကြီးအမြင်ပဲမလား''

''အင်းလေ ... ဒါကြောင့်လဲ ရွာကနှင်လိုက်တာပဲမလား''

''ဟုတ်တယ် ... နှင်ပေမယ့် သူတို့နေတာက ရွာသင်္ချိုင်းမှာလေ၊ ရွာ ကိုလည်း သူတို့ကစိတ်နာတော့ သူ့လင်ကို ရွာထဲဝင်မွှေခိုင်းမှာပေါ့''

''အဓိက သူတို့ကို ရွာနဲ့အဝေးဆုံးကိုနှင်ပစ်လိုက်၊ ဒါမှရွာအတွက် စိတ်အေးရမှာ ... ''

''ကျွန်မမောင်သေရတဲ့အတွက် ဒင်းတို့သားအမိကို မှတ်လောက်အောင် ပါးရိုက်ဆုံးမချင်တယ်''

''ဟော့ ... တော်ကြစမ်း''

ဦးကောင်းကြွယ်က တစ်ယောက်တစ်ပေါက် ပြောနေသည့် သူ့သမီးတွေကို ဟန့်လိုက်သည်။ သူကြီးကတော့ ဘာမှမပြောဘဲ ငြိမ်၍သာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းကြွယ်က ...

"ကျုပ်သိသလောက်က သူတို့မွေးထားတဲ့ခွေးနက်ကြီးပဲ၊ အဲဒီ ခွေးနက်ကြီးက လိပ်ပြာစီးနေတာဗျ ... "

"လိပ်ပြာစီးနေတာ ... "

သူကြီးပါးစပ်က ရေရွတ်လိုက်၏။

"ဟုတ်တယ် _ အဲဒီခွေးက သူ့သခင်ကို သိပ်ချစ်တာ၊ သူ့သခင်ရဲ့ လိပ်ပြာစီးပြီဆိုတာနဲ့ ရွာထဲဝင်လာတော့တာပဲ _ တခြားခွေးတွေလည်း သူ့ အနားမကပ်ရဲကြဘူး ... "

"ဦးကောင်းကြွယ် ပြောတာဟုတ်သလိုလိုပဲ"

"ဟုတ်သလိုလိုမဟုတ်ဘူး _ အဟုတ်ပဲ သူကြီး၊ အဲဒီအချိန်မှာ ခွေးကို တုတ်နဲ့ပဲရိုက်ရိုက် _ ခဲနဲ့ပဲထုထု ဘာမှကိုပဖြစ်ဘူး _ ကျုပ်သေချာစုံ စမ်းပြီးပြီ၊ ဖိုးထိန်သေတာလည်း ခွေးနက်ကြီးလိုက်လို့သေတာ"

ဦးကောင်းကြွယ်ရဲ့စကားကြောင့် သူကြီးက _

"ဒီတစ်ခါ ခွေးနက်ကြီးရွာထဲဝင်လာရင် အပြတ်ရှင်းကြတာပေါ့"

"ရွာထဲဝင်လာကို စောင့်စရာမလိုဘူး ... သချိုင်းမှာရှိတာပဲ သွားရှင်း ကြတော့ပေါ့ ... "



"ဘွားဆောင်ပါကွယ်၊ ငါသေတာ ရင်မောင်ငါ့ကိုသတ်လို့ သေရတာ
လုံးဝ မကျေနပ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

## လိပ်ပြာလွှသူ

### အခန်း (၈)

"ဘိုးဘိုးကြီး သားတို့နေတဲ့ အိမ်ကိုလှလှလေး ဆောက်ပေးနော်"

မင်းကိုက တိုင်ထူရန် သစ်လုံးများတွင်နေသော သ ဘရာဇာ ဦးဖြူသီး အားပြောရာ ဦးဖြူသီးက ...

"အေးပါမြေးရဲ့ ... အလှဆုံးအိမ်ကို ဆောက်ပေးမှာ ဘိုးဘိုးကြီး။ သဘောဆိုရင် သချိုင်းထဲမှာ ဆောက်ချင်တာ၊ မြေးမေမေက ယာထဲမှာပဲ ဆောက်ဆိုလို့ကွ"

"သချိုင်းမှာ ဆောက်ရင် ... "

"သချိုင်းမှာဆောက်ရင် ဇရပ်လို့ခေါ်တယ် ... ဇရပ်ဆိုတာ လူအများ တည်းခိုနားနေရာပေါ့ကွယ် ... "

အိမ်ဆိုတာ နေထိုင်မယ့်သူ သီးသန့်ရှိတယ်လေ"

သုဘရာဇာကြီးက မင်းကိုအား ဗဟုသုတရစရာများကို ပြောဆို သင်ပြလေ့ရှိသည်။ မင်းကို ကျောင်းမတက်သေးပေမယ့် သုဘရာဇာကြီးက





ကျောက်သင်ပုန်းတစ်ချပ်ဝယ်၍ ဂဏန်းရေးနည်း၊ အက္ခရာရေးနည်း စတာတွေကို သင်ပေးသည်။

မင်းကိုကလည်း သုဘရာဇာကြီးနှင့်နေရတာ ပျော်လာသည်။ သုဘရာဇာကြီး၏အလုပ်ဖြစ်သော မြေတူး၊ မြေပေါက်၊ ခေါင်းစပ် စတာတွေကို နိုင်သလောက်ဝိုင်းလုပ်ပေးသည်။

"ဒူ ... ဝေ ... ဝေ"

ကြေးစည်ထုသံကိုကြား၍ သုဘရာဇာကြီး ခေါင်းထောင်သွားသည်။

"မြေးရေ ... မသာလာချတယ်ထင်ပါရဲ့"

"ဟုတ်တယ် ... ဘိုးဘိုးကြီး"

မင်းကိုက သချိုင်းအဝင်ဝသို့ပြေးကာကြည့်၏။

"မြေးလာ ... လာ ... မြေးအလုပ်မဟုတ်ဘူး။ မြေးအလုပ်က အိမ်ထဲဝင်နေ ... "

သုဘရာဇာကြီးက မသာချလျှင် မင်းကိုကို အနားမှာမထားရှာမှ လူတွေ အမြင်တစ်မျိုး ... မမြင်စေချင်။

ကံဆိုးလွန်း၍ ရွာမှအနှင်ခံရသော သားအမိကို တတ်နိုင်သမျှ သူ စောင့်ရှောက်ရမည်လေ။

"ဒူ ... ဝေ ... ဝေ"

"ဟင် ... "

သချိုင်းထဲဝင်လာသော အလောင်းနှစ်လောင်းကြောင့် သုဘ ရာဇာကြီး မျက်လုံးပြူးသွားသည်။

အလောင်းကနှစ်လောင်း၊ ရှေ့ဆင့်နောက်ဆင့်ထမ်းကာချလာ သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... မောင်လေးရဲ့ အဖြစ်ဆိုးလှချည်လား ... ဟီး"

"မောင်လေးရေ ... မောင်လေးရဲ့ ..."

ငိုသံများ ဟစ်အော်သံများ၊ ဆူညံလို့နေသည်။ အခေါင်းထမ်းလာသူများနှင့် လိုက်လံပို့သည့်လူများ သင်္ချိုင်းထဲရောက်လာတော့ သုဘရာဇာကြီးက အဆင်သင့်တူးထားသော မြေကျင်းဝတွင် အခေါင်းတို့ကို ချနိုင်းလိုက်သည်။

"ခင်ဗျားတို့မသာကို ဘယ်လိုချလာတာလဲ ..."

"ဘာလို့လဲဗျ ..."

"မသာချတာ ရှေ့တစ်ခေါင်း နောက်တစ်ခေါင်း ..."

"အတူတူသေတာပဲဗျာ ... ဘယ်လိုချချပေါ့ ... ဘာထူးမှာမို့လဲ"

ရွာသားတစ်ဦးက ခပ်မာမာပြောရာ သုဘရာဇာကြီးက ...

"မသာဆိုတာချတာ လှည့်တာမဟုတ်ဘူး၊ ခုခင်ဗျားတို့က မသာလှည့်လာတာနဲ့တူနေတယ်၊ မသာဆိုတာ မလှည့်ကောင်းဘူး ... ကိုယ့်ဘက်ပြန်လှည့်လာတတ်တာ သတိထားဦး ..."

ပြောရာ ... ရွာသားများက ...

"ဟာ ... နိမိတ်မရှိ ..."

"သုဘရာဇာက ဘာလဲကွ ... လူစကားနားမလည်ဘူး၊ ပြောချင်ရာ စွတ်ပြောနေတယ် ..."

တစ်ယောက်တစ်ပေါက်ပြောနေကြရာ သုဘရာဇာကြီးက ခေါင်းကို ပေါက်တူးဖင်နှင့်ရိုက်၍

"ကဲ ... မြေချမယ်ဟေ့ ..."

"အမလေး ... ငါ့မောင်ရဲ့ နှင့်အစ်မတွေကို ထကြည့်ပါဦး ..."





"မောင်လေးရေ ... မောင်လေး ..."

ငိုသံများ ဆူညံလို့သွားသည်။ သုဘရာဇာကြီးလည်း ခေါင်းကို အောက်သို့ချကာ မြေဖို့လိုက်၏။

ကိစ္စများပြီးသောအခါ သုဘရာဇာကြီးက ...

"လိပ်ပြာ ဘယ်သူခေါ်သွားမှာလဲ ..."

မေးလိုက်ရာ ... ရွာသားတစ်ယောက်က ခေါင်းညိတ်ပြရာ အလောင်းတစ်လောင်းမြေပုံပေါ်မှ ခဲကိုကောက်၍ ...

"ဟော့ကောင် ... မင်းသူနဲ့လိုက်သွား၊ ခုနစ်ရက်ပြည့်ရင် ပြန်လာခဲ့၊ ရော့ ..."

ပြောပြီး ... လိပ်ပြာခေါ်မည့် ရွာသားလက်ထဲထည့်ပေးရာ ရွာသားက ယူ၍ ဘယ်သူ့ကိုမှစကားမပြောတော့ဘဲ ထွက်သွားသည်။

"ကဲ ... နောက်တစ်ကောင် ဘယ်သူခေါ်မလဲပြော ..."

"ကျုပ် ... ခေါ်သွားမယ် ..."

"ခေါ်ရင် ကောင်းကောင်းခေါ်သွား ... ဟိုဝင် ဒီဝင်လုပ်မနေနဲ့၊ တော်ကြာ မင်းနောက်လျှောက်လိုက်နေဦးမယ် ..."

သုဘရာဇာကြီးစကားကြောင့် လိပ်ပြာခေါ်မည့်ရွာသားရဲ့ မျက်နှာလေး ငယ်သွားသည်။ သုဘရာဇာကြီးက နောက်မြေပုံပေါ်မှ ခဲတစ်ခဲကိုကောက်၍ -

"မင်းလဲလိုက်သွား ... ခုနစ်ရက်ပြည့်ရင်ပြန်လာ ..."

ပြောကာ လိပ်ပြာယူ သူလက်ထဲထည့်ပေးလိုက်သည်။ အလောင်းနှင့် လောင်းကို လာရောက်ပို့ဆောင်သူများက သင်္ချိုင်းထဲရှိ အုတ်ဂူတစ်ဂူရဲ့ ဘေးတွင် ထိုင်ကာ လူတွေကို စိုက်ကြည့်နေသော ခွေးနက်ကြီးကို တွေ့ကြ၏၊ ထိုခွေးကြီး ကို မြင်တဲ့လူတိုင်း ကြက်သီးများထကာ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲဆိုတော့ ...

ခွေးကြီးရဲ့အကြည့်က ကြောက်စရာကောင်းလွန်းလှသောကြောင့် ဖြစ်လေတော့သည်။

※ ※ ※



"အမေ ... ကျွန်တော့်ခေါင်းတွေ မူးလိုက်တာဗျာ"

မသာပို့ပြီးပြန်လာသည့် ကိုသစ်တစ်ယောက် ခေါင်းတွေမူးဝေလွန်းသဖြင့် အိမ်ရှေ့မှာလှဲလိုက်သည်။ ဒေါ်ဖြူလေးက ဘုရားစင်အောက် ကြွက်လျှောက်တန်းပေါ်တင်ထားသည့် ရှုဆေးကို သူ့သားကိုသစ်ကို ပေးလိုက်၏။

ကိုသစ်က ငယ်ငယ်လေးထဲက ဖြူဖြူပိန်ပိန်လေး ခေါင်းမူးဝေကာ ကယောင်ကတမ်းဖြစ်သည့်ဝေဒနာ ခဏခဏ ဖြစ်လေ့ရှိသည်။

ထိုသို့မူးဝေပြီးတာနှင့် ပါးစပ်ကလည်း ကယောင်ကတမ်းတွေ ပြောတော့သည်။

"အား ... မူးတယ်ဗျာ ... မူးတယ်"

ကိုသစ်တစ်ယောက်ပြောရင်း လဲကျသွားသည်။ ခဏနေတော့ ...

"ဟင်း ... ဟင်း ... "

အသက်ရှူသံပြင်းပြင်းထွက်လာသည်။ ဒေါ်ဖြူလေး စိုးရိမ်လို့သွား၏။

"သား ... ကိုသစ် ... ဘာဖြစ်တာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



အနုပညာသမားဆိုတာ သူတို့ဖန်တီးတဲ့ အနုပညာကို ပရိသတ်ကို အကောင်းဆုံးချပြနိုင်ဖို့ဆိုတာ ဇာတ်လမ်းတွေရှိတဲ့နေရာကို ရောက်အောင်သွားဖို့လိုတယ်လေ …

★★★





"တူ … တူ"

"ဟဲလို"

"ဆရာဖွားလောက်ကြီးနဲ့ စကားပြောချင်လို့ပါ"

တစ်ဖက်ဖုန်းအသံရှင်က အမျိုးသမီးကြီးတစ်ယောက်ရဲ့အသံ။

"ဟုတ်ကဲ့ ကျွန်တော် ဖွားလောက်ကြီးပါ"

"ကျွန်မက ဆရာ့ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ၊ ဂမ္ဘီရ ပရလောကသရဲတစ္ဆေစာအုပ်တွေ အကုန်ဖတ်တယ်"

"ဟုတ်ကဲ့ … "

တစ်ဖက်အသံရှင် အမျိုးသမီးကြီးက အားရပါးရပြောလို့နေတယ်။

"ကျွန်မ ကိုယ်တိုင်လည်း ဝိညာဉ်လောကနဲ့ ပတ်သက်ပြီး ယုံကြည်မှု ရှိတယ်"

"ဟုတ်ကဲ့ … အစ်မကြီးနာမည်က"

"ဒေါ်အမာပါ၊ ပဲခူးကလေ ကိုးသိန်းကိုးသန်းနားမှာ နေတယ်"

"သိတယ် … ကိုးသိန်းကိုးသန်းဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... "

ကိုသစ်ရဲ့အသက်ရှူသံပြင်းလာသလို မျက်နှာကလည်း ခက်ထန်လို့လာသည်။

"ဝုန်း ... "

"အမလေး ... "

ကိုသစ်တစ်ယောက် လဲ့နေရာမှ ရုတ်တရက် ထထိုင်လိုက်ရာ အသံကြီးကမြည်လို့သွားသည်။ ဒေါ်ဖြူလေးလည်း လန့်ဖြန့်ကာ အိမ်အောက်သို့ပြေးဆင်းလာပြီး အနီးဝန်းကျင်ကို ာ္ဟမ်းခေါ်လိုက်သည်။

"လာကြပါဦး ... ကိုသစ် ဘာဖြစ်နေမှန်း မသိဘူး"

"ဘာဖြစ်လို့လဲ"

"မသိဘူး"

အနီးဝန်းက ... လူများအ ပြေးရောက်လာကြရာ ကိုသစ်မှာ အိမ်ပေါ်တွင် ဝုန်းဒိုင်းကြဲနေ၏။

"ဟော့ ... အေးဆောင်းက္ဂ၊ နင်တို့ကို ကုပ်ချိုးသတ်မယ်"

"ဟင် ... "

"ဟာ"

ကိုသစ်ရဲ့ ယခင်နူးညံ့သည့်အသွင်သဏ္ဍာန် လုံးဝကိုပျောက်လို့သွားသလို တစ်အိမ်လုံးကိုလည်း ပွလန်ကြဲနေ၏။

"ငါ့ကို ရင်မောင်သတ်တာ၊ ငါမကျေနပ်ဘူးဟေ့ ... ငါလုံးဝကိုမကျေနပ်ဘူး၊ ဟင်း ... ဟင်း ... သူ့အိမ်ပေါ် ငါတက်အရက်သောက်လို့ ငါ့ကို လာချောက်တာ ... အဖေ ... အဖေ ... "

ပါးစပ်က ပလုံးပထွေးနှင့်ပြောချင်ရာများ ပြောလို့နေရာ ဒေါ်ဖြူလေးနှင့် ရောက်လာသည့်လူများက ဘာလုပ်ရမှန်းကိုမသိ ဖြစ်နေသည်။





ထိုအချိန်တွင် ဦးလေးသာမောင် ရောက်လာပြီး ...

"ပရိတ်ရေနဲ့ ဖျန်းလိုက်တော့ ... "

ဒေါ်ဖြူလေးလည်း ဘုရားစင်နားကိုကပ်သွားရာ ကိုသစ်က ...

"ဘာလုပ်မလို့လဲ၊ ငါသတ်ပစ်လိုက်မယ်နော်"

"အမလေး ... "

နဂိုစိတ်ပျောက်နေသော ကိုသစ်ကြောင့် ဒေါ်ဖြူလေးလန့်လို့သွားသည်။

"ငါအိမ်ကိုသွားမယ် ... ဟင်းဟင်း ... ရင်မောင်ကိုလက်စားချေမယ် ... ဟင်း ... "

ကိုသစ်ရဲ့ပုံသဏ္ဍာန်ကို လှမ်းကြည့်နေရုံသာရှိသည်။ အနားသို့ကပ်ရဲတာကြောင့် ဒေါ်ဖြူလေးက လေသံတိုးတိုးနှင့် ...

"စိတ်ညစ်ပါတယ် ဘယ်လိုလုပ်ရမလဲ"

ဦးလေးသာမောင်က စဉ်းစားလိုက်ပြီး ...

"နေဦး ... ငါ့ကိုဦးသူတော်ပေးထားတဲ့ စမလောက်စလုံးရှိတယ် အဲဒါနဲ့ပစ်မယ်"

ဦးသာမောင် သူ့အိမ်အမြန်သွားကာ စမလောက်စလုံးများယူလာပြီး ကိုသစ်အား ပစ်တော့သည်။

"အမလေးဗျ ... အား ... "

အသံနက်ကြီးအော်သံကြီးထွက်လာကာ ကိုသစ်လည်း ကြမ်းပြင်ပေါ်ရက်သားလဲကျငြိမ်သက်သွားသည်။

"သား ... "

ဒေါ်ဖြူလေးက သူ့သားကိုသစ်ကိုပြေးပွေ့ကာထားတော့ အားလုံးတွေဝိုင်းယပ်ခပ်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ...

ကိုသစ် သတိပြန်ရလာပြီး ...

"ဟင်း ... သား ... သားဘာဖြစ်သွားတာလဲ"

ကိုသစ်ဘေးနားကလူတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြတော့သည်။

▪ ▪ ▪



နာရေးအိမ်က လိပ်ပြာခဲကြောင့် ကြောက်မက်ဖွယ် အသံနက်ကြီးဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com

## နာရေးအိမ်က ရက်လည်ည

အခန်း (၉)

သူဌေးဦးကောင်းကြွယ်က သူ့သားအေးဆောင်ရဲ့ နာရေးကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးသည်။ မသာမဏ္ဍပ်ကို ကျယ်ဝန်းလှသည့်ခြံကြီးပြည့်အောင်ထိုးထားသလို မသာလာသမျှလူတွေကို မီးခိုးတိတ် ညှော်ခံကျွေးမွေး၏။

အေးဆောင်နာရေးမှာ အပြောအများဆုံးကတော့ ကိုသစ်တစ်ယောက် အေးဆောင်ဝိညာဉ်ကဝင်ပူးကာ ပြောဆိုခြင်းဖြစ်၏။

''ငါဟယ် ... ထင်တောင်မထင်ဘူး။ ကိုသစ်တစ်ယောက်ရဲ့ ရုပ်ရည်ကကိုပြောင်းသွားတာ၊ အေးဆောင် ရုပ်လို့တောင်ထင်ရတယ်၊ အသံကလည်း အေးဆောင်အသံ ‗ ကြောက်စရာကြီး ပြောရင်းနဲ့တောင် ကြက်သီးထလာတယ်''





''ဟုတ်တယ်ဟဲ့ ‗ ကိုသစ်ကအရင်ထဲက လိပ်ပြာလုံတာမလား။ သူ့ကိုယ်ကိုဝင်ပူးတာတွေ ရှိတယ်လေ''

ရွာသူတွေက လာတဲ့ဧည့်သည်တွေစားဖို့သောက်ဖို့ စီစဉ်ပေးရင်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ ဦးကောင်းကြွယ်ကတော့ လူကြီးဝိုင်းမှာ ထိုင်ရင်း ...

''ရွာမှာ အခုအတိုင်းဆက်သွားနေရင် အခုထက်အခြေအနေ ပိုဆိုးလာစရာပဲရှိတယ် ... ဘယ်နှယ့်ဗျာ၊ တစ္ဆေက ရွာထဲဝင်ချင်တိုင်းဝင် ထွက်ချင် တိုင်းထွက်လုပ်နေတယ်''

''အင်း ‗ ဟုတ်ပါတယ် ‗ ဒါပေမယ့် ဘာတတ်နိုင်မလဲ၊ ပရလောကသားဆိုတော့ လူတွေလို ဒဏ်ခတ်လို့မရဘူးလေ ‗ ''

ဦးကြီးသာအောင်ကဆိုလေရာ ‗ ဦးကောင်းကြွယ်က ...

''လူတွေမှာလည်း ‗ သူတို့စည်းနဲ့သူတို့ရှိသလို ပရလောကသားတွေမှာလဲ သူတို့စည်းနဲ့သူတို့ရှိမှာပဲ ‗ စည်းဖောက်ရင် ဒဏ်ခတ်တာခံရမယ်၊ ရွာ ထဲကလူတွေကိုလာလာခေါ်နေတဲ့ ရင်မောင်ဆိုတဲ့ တစ္ဆေကို ကျုပ်ဒဏ်ပေးပြမယ် ... ကြည့်နေ ... ''

ဦးကောင်းကြွယ်စကားကြောင့် နားထောင်သူအပေါင်း စိတ်ဝင်စားသွားကြသည်။

''ရင်မောင်ကို ဘယ်လိုဒဏ်ပေးမှာလဲ ဦးကောင်းကြွယ် ‗ ''

''နိုင်ရာနိုင်ရာပေါ့ဗျာ‗ ကျုပ်မှာဆရာရှိပါတယ်၊ ဆရာက ဝိညာဉ်လောကသားတွေမပြောနဲ့ နတ်စိမ်းတွေတောင်နိုင်တယ် ‗ သူကလာဆိုလာ၊ သွားဆိုသွားပဲ ‗ ယောနယ်ဘက်က အရမ်းစွမ်းတာ ကုန်ချင်သလောက်ကုန် ကျုပ်သားကိုသတ်တဲ့ ရင်မောင်ဆိုတဲ့တစ္ဆေ ဂူမ်းကိုပြုန်သွားစေရမယ်''

ဦးကောင်းကြွယ်ရဲ့ကြိမ်းဝါးသံက ကျယ်လောင်စွာထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှာသားတစ်ဦးဖြစ်တဲ့ ကိုအေးကိုက ...

"ကျုပ်အမြင်ကတော့ ဟိုအောင်နက်ဆိုတဲ့ ခွေးနက်ကြီးပဲ ... အဲဒီခွေးကြီးက သာမန်ထက်လည်းအကောင်ကြီးတယ်၊ ရွာထဲဝင်လာပြီး အူတာ၊ အဲဒီခွေးနက်ကြီးပဲ ရင်မောင့်ဝိညာဉ်က အဲဒီခွေးနက်ကြီးကို ဝင်စီးတာဖြစ်နိုင်သလို ရင်မောင်ဝိညာဉ်နဲ့အတူပါလာတာလဲ ဖြစ်နိုင်တယ်"

"အရင်က သူ့မိန်းမနဲ့ကလေးဆီလာတယ်လို့ ရွာကထင်နေကြတာ၊ အခု သူတို့ကိုလည်း ရွာကနှင်လိုက်ပြီ ... ရင်မောင် ရွာထဲလာတုန်းပဲ"

ဦးကြီးသာအောင်ကဝင်ပြောလိုက်ရာ ဦးကောင်းကြွယ်က —

"ကျုပ်ကတော့ ကျုပ်သားအတွက် လက်စားချေမယ်"

ကြိမ်းဝါးလိုက်တော့သည်။



အေးဆောင်နှင့်ထွေးတို့ ရက်လည်ည ...

နာရေးအိမ်ကလူတွေလည်း ခုနစ်ရက်လုံးလုံး ပင်ပန်းလို့နေကြပြီ။ အိပ်သူကအိပ်၊ စောင့်တဲ့လူကလည်းစောင့်နှင့် ရှိနေကြသည်။

ကိုသစ်တစ်ယောက် အိမ်မှာအိပ်နေရင်း စိတ်ထဲဘယ်လိုဖြစ်သည် မသိ။ နာရေးအိမ်သို့သွားချင်နေသည်။ စိတ်ကိုအတတ်နိုင်ဆုံးချုပ်ထိန်းရင်း ဘုရားဂုဏ်တော်တို့ကို အဆက်မပြတ် ရွတ်လို့နေ၏။

"သား ... ဘာဖြစ်နေတာလဲ အိပ်မပျော်ဘူးလား"

မိခင်ဖြစ်သူရဲ့မေးသံကြောင့် ကိုသစ်က ...

"ဟုတ်တယ်အမေ — ခေါင်းထဲမှူးနောက်နောက်နဲ့ ဘာဖြစ်မှန်းကို မသိတာ"

"ရှူဆေး ရှူပါလား"

"ရတယ်အမေ — အိပ်ပျော်ရင် ကောင်းသွားမှာပါ၊ ကိစ္စမရှိဘူး"

"အေး ... အေး ..."



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူကို ဒေါ်ဖြူလေး စိတ်ပူမိသည်။ ငယ်စဉ်တည်းက ကျန်းမာ ရေးက သိပ်ကောင်းတာမဟုတ်။ နေမကောင်း ခဏခဏဖြစ်ကာ ချူချာသည်။

အပမှီသလိုလို ပူးသလိုလို ကပ်သလိုလိုဖြစ်တတ်တာကြောင့်လည်း ဆရာတော်ကျောင်းပြေးရတာ ခဏခဏ။ ထိုသို့ဖြစ်ပြီးလျှင် ကိုသစ် တစ်ယောက် အားလျော့ကာ နှစ်ရက်၊ သုံးရက် မလှုပ်နိုင်တော့။

နားလည်တဲ့ဆရာတွေမေးကြည့်တော့ ကိုသစ်လိပ်ပြာက လှသည်တဲ့။

လိပ်ပြာလှတော့ ဝင်ရထွက်ရတာလွယ်ကူပြီး ကာယကံရှင် ကိုသစ်မှာတော့ သေမတတ်ခံစားရရှာသည်။

"အင်း ... "

ဘုရားဂုဏ်တော်များရွတ်ပြီး နားလိုက်တာနှင့်ကိုသစ်စိတ်တွေ တစ်မျိုးဖြစ်လာသည်။ မျက်လုံးထဲတွင် အေးဆောင်ရဲ့မျက်နှာပေါ်လို့လာ၏။

"ဟာ ... "

ခေါင်းကိုရမ်းကာခါလိုက်ပြီး၊ စိတ်ထဲကထုတ်သော်လည်း မရ။ အေးဆောင်ရဲ့ပုံရိပ်တွေသာ စိတ်ထဲစွဲလို့လာသည်။

ခဏကြာတော့ ...

"ဟင်"

ကိုသစ်အသားတွေ တဆတ်ဆတ်တုန်လာသည်။ အာခေါင်တွေ လည်းခြောက်ကာ ထထိုင်လိုက်၏။ အကြောတွေတင်းလာသလို မျက်လုံးထဲ တွင်လည်း အေးဆောင်ရဲ့ပုံရိပ်တွေပိုလို့ ပီပြင်လာ၏။

ပြီးတော့ ...

သူ ... ဘာဆို ဘာမှမသိတော့ ...





"ဝုန်း ... "

အိမ်ပေါ်မှခုန်ဆင်း၍ ပုဆိုးကိုတိုတိုပြင်ဝတ်ကာ ရွာလယ်လမ်းမ အတိုင်း ခြေလှမ်းကျဲကျဲနှင့် လျှောက်လာသည်။

"ဟင်း"

မျက်နှာကခက်ထန်လာကာ နှာခေါင်းကလေပြင်းတို့ကို ရှိုက်ထုတ် လိုက်သည်။

သူဦးတည်လာတာက နာရေးမဏ္ဍပ်ရှိရာ ဦးကောင်းကြွယ်အိမ်သို့ ပင် ဖြစ်သည်။

သူ့ကိုမြင်တဲ့ရွာထဲကခွေးများက အူလိုက်ကြတာ ဆူညံလို့သွား ၏။

"အူး ... ဝူး ... "

သို့သော် ...

ထိုခွေးအူသံများကို သူလုံးဝဂရုမစိုက်။ ဒီရွာက သူ့ရွာသူသွားလာနေ ကျဖြစ်တာကြောင့် ဘာကိုမှမကြောက်။ မဲမဲမှောင်နေသော ရွာလယ်လမ်းက သူ့အတွက် အဆန်းတကြယ် မဟုတ်ပါလေ။

"အူး ... ဝူး ... "

ရွာကလူတွေကတော့ ရွာထဲခွေးအူတာကို စိတ်ထဲတာမှမဖြစ်။ သူတို့ ကြောက်တဲ့ခွေးအူသံကိုတော့ တစ်ရွာလုံးသိကြသည်။

ခွေးများတစ်ခါတစ်ရံ တစိမ်းများလာသည့်အခါ ဟောင်တတ်သလို ခပ်ဝေးဝေးမှလဲ အူတတ်ကြသည်မလား။

ဒေါ်ဖြူလေးလည်း သားဖြစ်သူအားခေါ်ကြည့်ရာ အသံမကြားတာနှင့် အိမ်ရှေ့ထွက်ကြည့်တော့ မတွေ့တာနှင့်စိတ်ပူသွားသည်။

"ဒီကောင်လေး _ ညအချိန်မတော် ဘယ်သွားတာလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ ဆရာရယ်၊ သိုက်ပေါင်းချုပ်နေရာပေါ့"

"ဟုတ်ကဲ့"

"ဆရာ ကြုံကြိုက်လို့ အားမယ်ဆိုရင် တပေါင်းလပြည့် ညကို ကိုးသိန်းကိုးသန်းဘုရားကိုလာခဲ့ပါလား၊ ဘုရားပွဲလည်းရှိတယ်လေ"

"ဟုတ်ကဲ့ လာဖြစ်အောင် ကြိုးစားရမှာပေါ့"

"မကြိုးစားနဲ့ ဆရာ လာဖြစ်အောင်လာ၊ ဘုရားပွဲတွေဆိုတာ ဘုရားကိုစောင့်ရှောက်တဲ့လောကသားတွေပျော်တဲ့ပွဲ ၊ကိုးကွယ်သူတွေ ပျော်တဲ့ပွဲပါ၊ အဲဒီအခါကျရင် သိုက်ဆက်တွေလာကြတယ်၊ သာမန်လူတွေလိုပဲ ပွဲဈေးသွားလည်ကြ၊ ဘုရားဖူးကြနဲ့ပေါ့ ဆရာရယ်"

"အဟုတ်လား ဒေါ်အမာ"

"အဟုတ်ပေါ့ ဆရာရယ်၊ နာနာဘာဝ ပရလောကဆိုတာ လူ့လောကနဲ့ တစ်ဆက်ထဲရှိနေတာမလား၊ စည်းတွေကြောင့်သာ သိခွင့်မြင်ခွင့်မရှိကြတာလေ၊ ဆရာ ကိုးသိန်းကိုးသန်းဘုရားရောက်ရင် မြောက်ဘက်ကို လျှောက်လာခဲ့ နတ်ကွန်းတစ်ခုတွေ့မယ်၊ နတ်ကွန်းနားရောက်ရင် ကျွန်မကို မေးလိုက်"

"ဟုတ်ကဲ့ ဒေါ်အမာ လာဖြစ်အောင်လာမယ်"

"စောင့်နေမယ်ဆရာ ဆရာရောက်လာရင် သိုက်လောကသားတွေ ဘယ်လိုဆိုတာ ပြမယ်"

"ဗျာ ... ဘယ်လို ... တိ ... တိ"



ဖုန်းသံက ပြတ်လို့သွားတယ်။ တစ်ဖက်ဖုန်းနံပါတ်ကို ပြန်ကြည့်တော့ ထူးခြားစွာပင် ဘာနံပါတ်မှမပေါ်တော့ ... ဒေါ်အမာပြောတဲ့ တပေါင်းလပြည့်နေ့ မဟုတ်ပေမယ့် နောင်တစ်ပတ်ခန့်ကြာတော့ ပဲခူးဘက်ကို ကိစ္စတစ်ခုနဲ့ သွားရင်း ကိုးသိန်းကိုးသန်း ဘုရားဝင်ဖူးဖြစ်တယ်၊ ဒေါ်အမာပြောတဲ့ မြောက်ဘက်နတ်ကွန်းနား ရောက်တော့ ...

"ဟင်"

နတ်ကွန်း၏ အလျှုရှင်နာမည်ကမ္ပည်းကို ဖတ်လိုက်ရာ အလွန်အံ့သြသွားတယ်၊ အခုရောက်နေတာက နှစ်ထောင့်ဆယ့်သုံးခုနှစ်

ကမ္ပည်းမှာက -

"ကွယ်လွန်သူ ဒေါ်အမာ ကောင်းမှု"

၂-၃-၂၀၁၂နေ့တွင် ကွယ်လွန်သည် ... တဲ့။

★★★

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမသက်သာတာနှင့် အိမ်ပေါ်မှဆင်းကာ ခြံထဲလိုက်ရှာကြည့်သော်လည်းမတွေ့။

"သားလေး ... ဘာများဖြစ်ပြန်ပြီလဲ"

ဒေါ်ဖြူလေးစိတ်ထဲ ဟိုတစ်ရက်က အဖြစ်ပျက်မျက်လုံးထဲ ပြန်မြင်လာသဖြင့် ... အေးဆောင်တို့အိမ်သို့ လိုက်လာခဲ့လေတော့သည်။

အေးဆောင်တစ်ယောက် မြို့ဝရောက်လာပြီး ခေါ်လိုက်သည့် အသံကြီးကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com

## အဓာလဘအောင်းသူ

အခန်း (၁၀)

"အဖေရေ ... အဖေ"

"ဟင် ... "

"ဟာ ... "

ခြံဝမှအော်သံကြီးကြောင့် နာရေးမဏ္ဍပ်ထဲကလူတွေ လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်။ သူတို့ရဲ့အကြည့်တွေက ခြံဝသို့ရောက်လို့သွားရာ ကိုသစ်ကို တွေ့ရပေမယ့် ခေါ်လိုက်သည့်အသံကြီးက ကြောက်စရာကောင်းလွန်းလှ၏။

"အဖေ ... ကျုပ် အဖေ့ဆီလာတာဗျ"

ခြံထဲသို့လှမ်းဝင်ကာ မဏ္ဍပ်ထဲတွင် ဟိုရှာဒီရှာလုပ်နေသည်။ မဏ္ဍပ် ထဲရှိလူများမှာ ကိုသစ်ရဲ့ပုံကိုကြည့်၍ စကားတောင်မပြောနိုင်ဘဲ ကြောင်တောင် တောင်ဖြစ်နေကြသည်။

"အဖေ ... ဘယ်မှာလဲ ... အဖေ"





ကိုသစ်ရဲ့အသံက ဟိန်းထွက်လို့နေသည်။

ထိုစဉ် ...

အိမ်အပေါ်မှ ဦးကောင်းကြွယ် ဆင်းလို့လာ၏။ ခြံအတွင်းရှိမဏ္ဍပ်ထဲ မှ လူများ၏အခြေအနေကိုကြည့်၍ ...

"ဘာဖြစ်နေတာလဲဟေ့ ... "

မေးလိုက်ရာ ကိုသစ်က ဦးကောင်းကြွယ်ကိုတွေ့သွားပြီး ...

"အဖေ ... "

"ဟင်"

ဦးကောင်းကြွယ်ထံသို့ပြေးလာကာ ခေါ်လိုက်သည်။ အနားသို့ရောက် သောအခါ ...

"အဖေ ... ကျွန်တော် အေးဆောင်လေ၊ အဖေ့သား အေးဆောင်"

"ဟင် ... မင်း ... မင်း ... "

ဦးကောင်းကြွယ် အံ့ဩလွန်း၍ ကိုသစ်ကို ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။

"ကျုပ်ကို ရင်မောင်သတ်လို့သေတာဗျ၊ ကျုပ်မှာ နေစရာလည်းမရှိ ဘူး၊ စားစရာလည်းမရှိဘူး၊ ဒီအိမ်က အခုည သန်းခေါင်မတိုင်ခင် ထွက်ပေးရ မှာ ... "

"မင်း ... ကို ... ကိုသစ် အဲ ... သား အေးဆောင်"

ကိုသစ်ရဲ့မျက်နှာအနေအထား ဟန်အမူအရာတွေမှာ သူ့သား အေးဆောင်နှင့်တစ်ထပ်တည်းတူနေတာကို ဦးကောင်းကြွယ်သိသည်။

ကိုသစ်တစ်ယောက်ကို တခြားနာမ်လောကသားတို့ မကြာခဏ ပူး ကပ်လေ့ရှိတာကိုလည်း ဦးကောင်းကြွယ်သိ၏။

"အဖေ ... ကျုပ်သချိုင်းမှာမနေရဲဘူး၊ ကျုပ်ဒီမှာပဲ နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



အေးဆောင်စကားကြောင့် ဦးကောင်းကြွယ် ဘာလုပ်ရမှန်းမသိ၊ ကြောင်တောင်တောင်ဖြစ်သွားသည်။

"ကျုပ်ကိုသနားပါအဖေ ... သချိုင်းမှာ ကျုပ်မနေရဲဘူး ရင်မောင်ခွေးကလည်း တော်တော်ဒုက္ခပေးတယ်၊ ကျုပ်ကိုတွေ့တာနဲ့လိုက်ဆွဲတော့တာပဲ"

"သား ... အဖေ စီစဉ်ပေးမယ် ... "

ဦးကောင်းကြွယ်စကားကြောင့် ရွာလူကြီးတစ်ချို့က ...

"ဦးကောင်းကြွယ် မဟုတ်တာမလုပ်နဲ့နော် ... သူ့ကို ရွာထဲမှာ နေရာပေးရင် အကုန်ဒုက္ခရောက်ကုန်မယ်"

"ဟုတ်တယ် ... ရင်မောင် ပြဿနာကမပြီးသေးဘူး၊ ပြဿနာတစ်ခုက ထပ်တက်လာဦးမယ်"

တစ်ယောက်တစ်ပေါက်ပြောနေကြရာ အေးဆောင်က ...

"အေး ... ငါကရွာကို ဘာမှလုပ်မှာမဟုတ်ဘူး၊ ရွာကိုအမြစ်ပြတ်အောင်ဖြတ်မှာက ရင်မောင်ကွ"

အော်လိုက်ရာ ရွာသားတွေရဲ့အသံတိတ်လို့သွားသလို ခြေလှမ်းတို့လည်း နောက်သို့ဆုတ်သွားကြသည်။

ဦးကောင်းကြွယ်က ...

"သား ... ရွာထဲမှာတော့ မနေပါနဲ့၊ သချိုင်းပဲပြန်ပါ၊ အဖေကောင်းသလို စီစဉ်ပေးပါ့မယ်"

ပြောလိုက်ရာ ... အေးဆောင်ရဲ့မျက်နှာ ချက်ချင်းညှိုးသွားပြီး–

"အဖေ ... ရွာမှာ ကျုပ်ကိုလက်မခံဘူးပေါ့၊ ကျုပ်နဲ့အဖေတို့က ဘဝခြားနေပြီပဲ ... ကျုပ်သချိုင်းပဲ ပြန်တော့မယ်"

"သား ... "





"မောင်လေး"

ကျောခိုင်းသွားသော အေးဆောင်အား ဦးကောင်းကြွယ်က ခေါ်လိုက်သလို အစ်မများကလည်း ခေါ်လိုက်ကြ၏။ အနားသို့ ဘယ်သူမှမကပ်ရဲကြ။

အေးဆောင်က လှည့်မကြည့်။ ခြေတစ်လှမ်းချင်း ခြံထဲမှထွက်လို့သွားရာ ဦးကောင်းကြွယ်က နောက်မှလိုက်၍ ...

"သား ... အဖေ သားအတွက် အကောင်းဆုံးစီစဉ်ပေးမယ်နော်"

"ဟင့် ... ဟင့် ... "

အေးဆောင်ရဲ့အစ်မများရဲ့ ငိုသံကလည်း စီခနဲ ထွက်လာသလို ခြံဝ ရောက်၍ တစ်လှမ်းချင်းခြံအပြင်ထွက်ပြီး အပြင်ဘက်ရောက်သော အခါ ...

"ဟင်"

အေးဆောင်တစ်ယောက် ခြံအပြင်ဘက်တွင် ပုံရက်သားလဲကျလို့ သွားတော့သည်။

"ကိုသစ် ... "

"သား ... "

ဒေါ်ဖြူလေးတစ်ယောက် သူ့သားကိုသစ်အား ပွေ့ထားလိုက်သလို ရွာသားတစ်ချို့ကလည်း ကိုသစ်ကို ဝိုင်း၍ပြုစုပေးကြသည်။

"ဟင်း ... ဟင်း ... "

ကိုသစ်တစ်ယောက်အသံထွက်လာပြီး မျက်လုံးကိုအားယူ၍ဖွင့်ကာ ကြည့်လိုက်သည်။

သူ့အမေ ဒေါ်ဖြူလေးအားတွေ့၍

"အမေ ... သား ... သားဘယ်လို ဒီကိုရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်ရာ ... ဒေါ်ဖြူလေးက သူ့သား ကိုသစ်ကိုမတ္တလိုက်ပြီး

"လာ ... သားပြန်ရအောင် ... "

ကိုသစ်က အားယူ၍ထလိုက်သည်။ တစ်ကိုယ်လုံးလည်း နုံးချိလို့နေ၏။ သူဘာယ်လိုကြောင့် အခုလိုဖြစ်ဖြစ်နေတာလဲ တွေးလို့မရ၊ အလွန်မှုလဲ မောဟိုက်လို့နေ၏။ အားလျော့နေသော ခြေလှမ်းများနှင့် သူ့အမေ ဒေါ်ဖြူလေးကိုတွဲကာ အမှောင်ထဲမှ သူ့အိမ်သို့ ဖြည်းဖြည်းချင်းလျှောက်ကာ ပြန်လာခဲ့တော့သည်။

* * *



မသစ္စာနှင့်သူ့သားလေးမင်းကိုတို့ အိမ်ရှေ့ကွပ်ပျစ်မှာထိုင်ရင်း ထိန်နေသည့်လမင်းကြီးကို မော့ကာကြည့်နေသည်။

"မေမေ ... လမင်းကြီးသာတာ ထိန်နေတာပဲနော်"

"ဒီည ... လပြည့်ညလေသားရဲ့၊ လမင်းကြီးက ထိန်နေအောင်သာ တာပေါ့"

ဟိုအရင် ကိုရင်မောင်ရှိစဉ်က မိသားစုသုံးယောက် ကွပ်ပျစ်မှာထိုင်ကာ သာနေသော လမင်းကြီးကိုကြည့်၍ စိတ်ထဲအလွန်ကြည်နူးခဲ့ကြသည်။

အခုတော့ ... ကိုရင်မောင်မရှိတော့။

ရွာကအိမ်လေးထဲမှာလည်း သူတို့သားအမိ နေခွင့်မရတော့။ သချိုင်းက သုဘရာဇာကြီးတဲမှာနေပြီး သားအမိနှစ်ယောက် ဘဝကိုဆက်ခဲ့ရသည်။

"မေမေ ... ဘိုးဘိုးကြီးက ဟိုအုတ်ဂူတွေပေါ် ထိုင်ထိုင်ပြီး ဘာလုပ်နေတာလဲဟင် ... "

"တရားထိုင်နေတာပေါ့ သားရဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



သုဘရာဇာကြီးက ညဘက်ဆို အုတ်ဂူတွေပေါ်တက်၍ တရားထိုင်လေ့ရှိသည်။ သူတို့သားအမိကတော့ မအိပ်ခင် ကွပ်ပျစ်လေးပေါ်ထိုင်ပြီး စကားပြောလေ့ရှိ၏။

အောင်နက်က သူတို့ထိုင်နေသည့် ကွပ်ပျစ်အောက်တွင် ငြိမ်၍နေသည်။

ညဘက်အိပ်ရင်တော့ ကိုရင်မောင် အုတ်ဂူဘေးမှာ သွားအိပ်သည်။

"မေမေ ... သားတို့ရွာထဲမှာ ပြန်နေလို့မရတော့ဘူးပေါ့နော်"

"သားက ရွာထဲမှာနေချင်လို့လား"

မင်းကိုက ဘာမှမပြော ငြိမ်၍နေသည်။

"ဟင်း"

မသစ္စာ သက်ပြင်းချလိုက်သည်။ ကလေးဆိုတော့လည်း လူတွေနှင့် လူ့ပတ်ဝန်းကျင်မှာ နေချင်ရှာမှာပေါ့။ ခြောက်သွေ့နေသည့် သချိုင်းနှင့် ယာကွက်တွေထဲမှာ အဖော်မရှိနေလာရတာ ပျင်းမှာပဲလေဟုတွေးရင်း မျက်ရည်များဝဲတက်လာ၏။

"ဟင်"

မသစ္စာရဲ့အကြည့်က ကိုရင်မောင် အုတ်ဂူရှိရာရောက်သွားပြီး အုတ်ဂူပေါ်မှ ကိုရင်မောင်ထိုင်၍ သူတို့ကိုကြည့်နေသည်ဟု ထင်ရသည်။

အောင်နက်က သူတို့ဘေးမှထ၍ အုတ်ဂူဆီသို့ တန်းသွားသည်။ မင်းကိုက ...

"အောင်နက် ... ဘယ်သွားမှာလဲ"

အောင်နက်ကလှည့်တောင်မကြည့် ... မသစ္စာရင်ထဲ ဘယ်လိုမှ မကောင်း။ ကိုရင်မောင်က သူတို့သားအမိကို အလွန်ချစ်မှန်း မသစ္စာသိ





သည်။

ထို့ကြောင့်လဲ ...

ကိုရင်မောင်တစ်ယောက် ဝိညာဉ်ဘဝနှင့် သူတို့နားမှာရှိနေတယ်ဆိုတာ မသစ္စာယုံသည်။

မင်းကိုက မသစ္စာမျက်နှာကို မော့ကြည့်၍ ...

"မေမေ ... ဘာကိုကြည့်နေတာလဲ"

မင်းကိုကမေးပြီး မသစ္စာကြည့်နေရာသို့ ကြည့်လိုက်ရာ ...

"ဖေ ... ဖေဖေ ... "

မင်းကိုက ကွပ်ပျစ်ပေါ်မှအောက်သို့ခုန်းကာ အုတ်ဂူဆီသို့ပြေးထွက်သွားသဖြင့် မသစ္စာလည်း နောက်ကလိုက်သွားသည်။

အုတ်ဂူအနားသို့ ရောက်သောအခါ ...

"ဟင် ... "

"ဖေဖေ ဘယ်ရောက်သွားပြီလဲ၊ ခုန ဖေဖေကို ဒီပေါ်မှာထိုင်နေတာတွေ့တယ်"

မသစ္စာတို့သားအမိ အုတ်ဂူပေါ်မှထိုင်နေသော ကိုရင်မောင်ကို မတွေ့ရတော့ ...

အောင်နက်လဲ အုတ်ဂူကိုပတ်ကာ ကိုရင်မောင်ကို လှည့်ပတ်ရှာနေပုံရသည်။

မင်းကိုက ကိုရင်မောင် အုတ်ဂူနားကပ်၍ ...

"ဖေဖေ ... ဖေဖေ ဘယ်မှာလဲ"

အော်ခေါ်လေရာ မသစ္စာရဲ့ပါးပေါ် မျက်ရည်တို့ကျလာသည်။ အောင်နက်ကလည်း ...


"အူး ... ဝူး ... "



www.burmeseclassic.com

www.burmeseclassic.com





"တူ ... တူ"

အိပ်ရာထဲရောက်လို့ အိပ်ပျော်မယ်ရှိသေးတယ် ဖုန်းသံက ရုတ်တရက် မြည်လာတာကြောင့် ကောက်ကိုင်လိုက်တယ်။ အချိန်က ည ဆယ့်နှစ်နာရီထိုးခွန်းနေပြီ ...

"ဟဲလို"

"ဆရာ သမီးပါ၊ ဆရာ့စာဖတ်ပရိသတ်တစ်ယောက်ပါ"

"ဟုတ်ကဲ့ ... ညဉ့်နက်နေပြီနော်"

"အားနာပါတယ်ဆရာရယ် ... အားလုံးသောလူတွေအတွက် ညဉ့်နက်နေပေမယ့် သမီးအတွက်တော့ အလုပ်ချိန်ပါ"

"ဘယ်လို"

"သမီးနာမည် အရိုပ်ပါ၊ ညလောကသားတွေအခေါ် နာမည်ပါ၊ နာမည်ရင်းက ဝင်းဝင်းအေးပါဆရာ"

"ဟုတ်ပြီ အရိပ် ဘာပြောမှာလဲ အရိပ်"

အရိပ်ဆိုတဲ့ မိန်းကလေးအသံ ခဏတိတ်သွားတယ်၊ ပြီးမှ ...

"ဆရာ့စာအုပ်တွေထဲကလို သေပြီး ဝိညာဉ်ဘဝနဲ့ ကိုယ်သံယောဇဉ်ကြီးတဲ့ လူနားမှာနေလို့ရလားဟင်"

"အင်း ... ဒါတော့ ... အရိပ်က ဘာကိုသိချင်တာလဲ ပြီးတော့ ဘာတွေဖြစ်နေလို့လဲ"

"ဆရာ့ကို အရိပ်ဘဝအကြောင်း အရင်ရှင်းပြပါမယ်၊ အရိပ်က နယ်မြို့လေးတစ်မြို့ကနေ အရွယ်ရောက်စမှာ ရန်ကုန်မြို့



လယ်ကအိမ်တစ်အိမ်မှာ အိမ်ဖော်လာလုပ်ရပါတယ် ...

ရတဲ့လခစာကို ရွာကအဖေအမေတွေဆီ ပို့ပေးပေမယ့် မိသားစုဦးရေများတော့ မလောက်ကြပါဘူး၊ အဖေနဲ့အမေက လယ်ပိုင်ယာပိုင်မရှိတော့ အခစားနဲ့လုပ်ရတာလေ၊ ထမင်းစားဖို့တောင် အနိုင်နိုင်လေ ...

အိမ်တစ်အိမ်မှာ ခြောက်လပြည့်တာနဲ့ ပွဲစားက နောက်တစ်အိမ်ပြောင်းပေးပြန်တယ်၊ ဒီလိုနဲ့ KTV တစ်ခုမှာ အဝတ်လျှော်သန့်ရှင်းရေးလုပ်နဲ့ အဲဒီကအစ်မတွေကို အားကျလာတယ်၊

အရိပ်က ရုပ်ရည်လေးရှိတော့ မန်နေဂျာက ဖျော်ဖြေရေးအလုပ်သမားခန့်ပေးတော့ အရင်အိမ်ဖော်လစာထက်သာတဲ့ ဝင်ငွေရတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြင်လိုက်ဆင်လိုက် ရွာလည်းငွေပို့လိုက်ပေါ့ ...

အဲဒီထက် တစ်ဆင့်တိုးလာတော့ သဘော်သားအန်ကယ်ကြီးတစ်ယောက်နဲ့ငြိတယ်၊ အရိပ်ဘဝက အားလုံးအိုကေပဲ၊ သဘော်သားကြီး နိုင်ငံခြားထွက်သွားတော့ ပွဲစားတစ်ယောက်ကို ထပ်ချိတ်တယ် ...

အဲဒီလိုနဲ့ တစ်ယောက်ပြီးတစ်ယောက် ပြောင်းလာလိုက်တာ မမျှော်လင့်ဘဲ အရိပ်မှာ ကိုယ်ဝန်ရလာတယ်၊ ရွာပြန်ပြီး ကလေးမွေးလိုက်တယ်၊ ကလေးအဖေကို ဘယ်သူလို့ပြောရမှာလဲ၊ ပြောရင်လည်း ဘယ်သူမှ လက်ခံမှာ မဟုတ်ဘူးလေ ... "

"ဟုတ်တာပေါ့"

အရိပ်က ရှည်လျားစွာပြောပြီး ခဏရပ်လိုက်တယ် ပြီးမှ ...

"သားလေးကို အရိပ်ကသိပ်ချစ်တာ၊ အလုပ်မလုပ်ဘဲ ရေရှည်ရပ်တည်ဖို့မဖြစ်နိုင်တော့ ရွာမှာသားလေးကိုထားပြီး ရန်ကုန်ပြန်အလုပ်လုပ်တယ် ...

အရိပ်ရဲ့စခန်းကကျသွားပြီ အရင်လို ခပ်ထောထော

www.burmeseclassic.com

www.burmeseclassic.com



သခင်ကိုခေါ်သည့်ပုံစံနှင့် အားရပါးရ အူတော့သည်။ မသစ္စာက မင်းကို ပခုံးကိုဖက်၍ချော့ကာ ...

"လာပါ သားရယ် ... ပြန်ရအောင်နော်"

"မေမေ ... ဖေဖေက သားတို့ကို ဘာလို့ပုန်းနေတာလဲဟင်"

မသစ္စာကခေါင်းကို အောက်ငုံ့ရင်း ရမ်းလိုက်၏။

"သားဖေဖေ ... မေမေတို့ကို မပုန်းပါဘူး။ မေမေတို့နားမှာ သူနေလို့မရလို့ပါကွယ်"

မသစ္စာပြောတာကို သူ့သားလေး မင်းကိုက ဘာမှပြန်မပြောတာ တော်သေးသည်ဟုတွေးကာ သားအမိနှစ်ယောက် တဲလေးဆီ ပြန်လျှောက် လာရာ မင်းကိုလည်း နောက်မှလိုက်လာခဲ့တော့သည်။

ⅲ ⅲ ⅲ



ဒွေးဒေါင် ဒွာဗန်းခံရတယ်ဆိုတဲ့ သတင်းဆိုးကြီးကိုကြားလိုက်ရ၍ ...

www.burmeseclassic.com

www.burmeseclassic.com

## အလှည့်ရောက်ရင် ခံရမယ်

### အခန်း (၁၁)

ဒီရွာလေးကို ကိုရင်မောင်ရောက်တော့ မိခင်ဖြစ်သူ ဒေါ်အေးမှိမရှိတော့။ ကာလအတန်ကြာ မြို့တက်အလုပ်လုပ်နေသော ကိုရင်မောင်တစ်ယောက် မိခင်ဖြစ်သူ၏ နောက်ဆုံးမျက်နှာပနတောင် မမြင်လိုက်ရ။

မြို့မှာအလုပ်လုပ်ရင်း ဝပ်ရှော့ပိုင်ရှင်တစ်ဦး မသစ္စာနှင့်ချစ်ကြိုက်ကြရာ ဦးလေးဖြစ်သူ သဘောမတူသဖြင့် မသစ္စာကို ရွာသို့ခေါ်လာကာ နှစ်ယောက်သား ဘဝတစ်ခု ထူထောင်ခဲ့၏။

နှစ်ဦးသား ဘဝတစ်ခုထူထောင်ကြပေမယ့် အလုပ်ကြိုးစားသော ကိုရင်မောင်ကြောင့် ဘာတစ်ခုမှ မပူမပင်ရ။

ထိုသို့ဖြင့် ...

နှစ်အနည်းငယ်အတွင်းမှာ ယာနှင့်နွားနှင့်ဖြစ်လာသည်။ မသစ္စာမှာလည်း ကိုယ်ဝန်ရလာကာ လစေ့တော့ သားလေး မင်းကို့ကို မွေးခဲ့သည်။





"ဖွေသားကြီးကွ ... ဝဝကစ်ကစ်ကြီးကွာ၊ ချစ်စရာကောင်းလိုက်တာ"

ကိုရင်မောင်တစ်ယောက် သားလေးကိုချစ်လို့မဝ။ ယခင်ကထက် ပိုတိုးကာ အလုပ်ကို ကြိုးစားလုပ်ခဲ့သည်။

"မိန်းမရေ ... ငါတော့ ယာပဲလုပ်နေတာ၊ စားဖို့သုံးဖို့တော့ အဆင် ပြေပါတယ်၊ သားလေးကြီးလာရင် ရှင်ပြုပေးဖို့ အလုပ်တစ်ခုလောက် ထပ်လုပ်မှကောင်းမယ်"

"အို ... ရှင်ကလည်း ယာအလုပ်လုပ်ရတာ ပင်ပန်းပါတယ်၊ နားနားနေနေလုပ်ပါ"

ကိုရင်မောင်က သူ့သားကို အားရပါးရ နမ်းလိုက်ပြီး ...

"နားလို့တယ်ရမလဲ၊ ငါအလုပ်တစ်ခုပြောထားတယ်၊ တောထဲမှာ သစ် ခုတ်ရမှာ၊ ယာလုပ်တာ နားတဲ့အချိန် သစ်လိုက်ခုတ်မှာပေါ့"

"ရှင့်မှာလဲ ပင်ပန်းလှပါတယ် ကိုရင်မောင်ရယ် ... ကျွန်မကြားဖူးတာက သစ်ခုတ်ရတဲ့အလုပ်က တအားပင်ပန်းတယ်ဆိုပဲ"

ကိုရင်မောင်က သူ့သားလေးကိုမြှု၍ ...

"ပင်ပန်းလည်း ပင်ပန်းပါစေ၊ ဖွေသားကြီးအတွက် ဟုတ်တယ်နော် သား ... "

"ခစ် ... ခစ် ... "

ကလေးက ကိုရင်မောင်ကိုကြည့်၍ အားရပါးရရယ်ရာ ကိုရင်မောင် သဘောအကျကြီးကျနေသည်။

"ရှင့်မှာလဲ ပြန်လာတာနဲ့ ကလေးကိုလက်ပေါ်က ချတယ်လို့မရှိဘူး ရေချိုး ... ထမင်းစားမယ်"

"မဆာသေးပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်မောင်ကပြောတော့ မသစ္စာကမဲ့ပြုသည်။ ပြီးတော့ မီးဖိုချောင်သွား၍ အစားအသောက်တို့ကိုပြင်ဆင်နေ၏။

ကိုရင်မောင်က သူ့သားမျက်နှာကို တစိမ့်စိမ့်ကြည့်၍ ချစ်မဝနိုင်ဖြစ်ရသည်။

''ရင်မောင်ရေ ... ရင်မောင် ... ''

အေးဆောင်ရဲ့ခေါ်သံကို ကြားရ၍ ကိုရင်မောင်က ...

''ဝင်ခဲ့လေကွာ ... ''

ပြန်ပြောလိုက်ရာ အေးဆောင်တစ်ယောက် ခြံထဲဝင်လာသည်။

''ရင်မောင် မနက်ဖြန် သစ်ခုတ်တဲ့ဆီလိုက်မှာမလား''

''အေး ... လိုက်မယ်လေ၊ တောင်ဘက်ဝိုင်းထဲမှာမလား''

''မဟုတ်ဘူးကွ ... အတွင်းဘက်ထဲမှာ''

''ဟင်''

ကိုရင်မောင် မျက်လုံးပြူးသွားသည်။ ဆိုင်ရာက သစ်ခုတ်တာကို သတ်မှတ်ပေးထားတာ။ အတွင်းဘက်က အပင်တို့ကို ခုတ်ခွင့်မရှိ။

အေးဆောင် ခုတ်မည်ဆိုသည့်နေရာက ကန့်သတ်ထားသည့်နေရာဖြစ်တာကြောင့် အန္တရာယ်ရှိသည်။

''လိုက်ခဲ့ပါ ရင်မောင်ရဲ့ ... သူများဝိုင်းတွေကပေးတာထက် နှစ်ဆပေးမယ်''

''တရားမဝင်တာဆို ငါမလုပ်ချင်ဘူးကွာ၊ ပြဿနာတစ်ခုခုဖြစ်ရင် ငါ့သားနဲ့မိန်းမ ဒုက္ခရောက်မှာ''

အေးဆောင်ရဲ့မျက်နှာ ပျက်သွားသည်။ သို့သော် မျက်နှာကို ချက်ချင်းပြင်၍ ...

''ဘာပြဿနာမှဖြစ်စရာ အကြောင်းမရှိဘူး ... အေးဆေးပါ၊





လိုက်ခဲ့ကွာ၊ ရွာမှာတစ်ခြားလူတွေခေါ်ရင်ရတယ် ... ပါးစပ်မလုံမှာစိုးလို့''

ကိုရင်မောင် ခေတ္တငိုင်ကာ စဉ်းစားလိုက်ပြီး ဆုံးဖြတ်ချက်ကိုချလိုက်သည်။

''ငါမလိုက်ဘူး ... အေးဆောင် ... ''

''ရတယ်လေ ... တစ်ခုတော့ရှိတယ်၊ ငါအတွင်းဘက်သစ်ခုတ်တာ ဘယ်သူ့မှမသိစေနဲ့''

''အေးပါကွာ ... ''

အေးဆောင်ရဲ့မျက်နှာမှာ မကျေနပ်မှုတွေ ထင်နေပေမယ့် ကိုရင်မောင်ကို နှုတ်ဆက်ကာ ပြန်သွားသည်။

ကိုရင်မောင် မဟုတ်တာမလုပ်ချင်ပါ။ ဘာလို့လဲဆိုတော့ သူအလွန်ချစ်သော သားလေးနှင့်သူ့မျက်နှာတစ်ခုတည်းဖြင့် လိုက်လာသည့် မသစ္စာတို့ကို မခွဲနိုင်လို့ဘဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာ ... အေးဆောင်တို့ အဖမ်းခံရတယ် ဟုတ်လား"

ကြားရတဲ့သတင်းကြောင့် ကိုရင်မောင် စိတ်မကောင်းဖြစ်သွား သည်။

"ဦးကောင်းကြွယ်က ဒေါသတော်တော်ထွက်နေတယ်၊ သတင်းပေးရှိလို့ သူသားအဖမ်းခံရတာလို့ ပြောနေတယ်"

"အေးကွာ ... သစ်ခိုးခုတ်တဲ့အမှုက တော်တော်ကြီးမှာပဲ၊ အေးဆောင် အတွက် စိတ်မကောင်းဘူးကွာ"

ကိုရင်မောင် စိတ်ထဲရှိတဲ့အတိုင်းပြောလိုက်၏။ ငခွေးက ...

"အေးဆောင်တစ်ယောက်တည်း မဟုတ်ဘူး၊ ရွာကလေးငါးယောက်ပါတယ်၊ အေးဆောင် ဈေးပိုပေးတာကို လိုက်ကြတာလေ"

"အင်း ... သူ့အဖေက အကွက်တွေအများကြီးပိုင်တာပဲ လောဘကြီးတော့ခံရတာပေါ့ ... ဘာပဲဖြစ်ဖြစ်ကွာ စိတ်မကောင်းဘူး"

ကိုရင်မောင်နှင့်ငခွေးတို့ ခြံထဲစကားပြောနေကြစဉ် ခြံသို့ ဦးကောင်းကြွယ်နှင့်သူ့တပည့်လူတစ်စု ရောက်လာ၏။

"ရင်မောင် ... "





ဦးကောင်းကြွယ်ရဲ့အသံက ဟိန်းထွက်လို့နေသည်။

"ဗျာ ... ဦးလေး ... "

"လာစမ်းပါဦးကွ ... "

ဦးကောင်းကြွယ်က ခြံထဲသို့မဝင်၊ လေသံမာမာဖြင့် ကိုရင်မောင်အား လှမ်းခေါ်လိုက်၏။

ကိုရင်မောင်က ခြံဝသို့လျှောက်လာကာ ဦးကောင်းကြွယ်ရှေ့ရောက်တော့ ...

"အေးဆောင်သတင်းကြားရတာ စိတ်မကောင်းပါဘူး ဦးလေး ဘယ်လိုဖြစ်ရတာလဲ"

"ထွီ ... ဘယ်လိုဖြစ်ရတာလဲ မေးပဲမေးတတ်တယ် ... မင်းအတို့အထောင်လုပ်လို့ ငါ့သားအဖမ်းခံရပြီလေ"

"ဗျာ ... "

ကိုရင်မောင် အံ့သြမှင်သက်စွာ ဦးကောင်းကြွယ်ကို ကြည့်လိုက်၏။

"ငါတို့မှာ အများကြီးဆုံးရှုံးရတဲ့အပြင် ငါ့သားပါထောင်ကျတော့မယ်"

"ကျွန် ... ကျွန်တော် ဘာမှမပြောဘူး"

"ငါ့ကိုအေးဆောင် ပြောပြီးပြီ ... ဒီရွာမှာ မြို့နဲ့အဆက်အသွယ်ရှိတာဆိုလို့ မင်းပဲရှိတယ် ... မနေ့က မင်းမြို့တက်တယ်၊ ဒီနေ့ ငါ့သားအဖမ်းခံရတယ်"

"ကျွန်တော် မြို့သွားတာ မြေဆီသွားတိုက်တာပါ"

ဦးကောင်းကြွယ်အား ကိုရင်မောင်က ရှင်းပြဖို့ ကြိုးစားသော်လည်း ဦးကောင်းကြွယ်က ...



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ ဘာမှလာပြောမနေနဲ့ ငါတို့အလုံည့်ငါတို့ခံမယ်၊ မင်းအလှည့်ကျရင် မခွဲ့နဲ့ ...."

ဦးကောင်းကြွယ်ကပြော၍ လှည့်ပြန်သွားရာ သူ့ကိုအထင်လွဲနေသည့် ဦးကောင်းကြွယ် ကျောပြင်ကိုကြည့်၍ သက်ပြင်းကိုသာချလိုက်လေတော့သည်။

❀ ❀ ❀



သားဖြစ်သူက ဘုတ်တင်းတားသော်လည်းမရ။
ထို့ကြောင့် ...
တောထဲကဘုံမြန်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



တွေကို ချိတ်လို့မရတော့ဘူး ... KTV ဆိုတာ ဆရာကြားဖူးလား လစာက ဘာမှရှိတာမဟုတ်ဘူး၊ ဧည့်သည်တွေဆီက မုန့်ဖိုး ကပ်တောင်း ရတာကို သိမ်းထား၊ ကိုယ်နဲ့အဆင်ပြေရင် နောက်ရက် ချိန်း ... အဲလိုနဲ့ အရိုပ်မှာ ကုမရတဲ့ရောဂါဆိုးကြီးရခဲ့တယ်ဆရာ"

"ဟင်"

"ရောဂါက နောက်ဆုံးအဆင့်ရောက်နေပါပြီ၊ သားလေးလည်း လာမယ့်နှစ်ကျောင်းတက်ရတော့မယ်၊ သားလေးကျောင်းတက်ချိန်ထိ အရိပ်နေရပါ့မလားမသိဘူး ဆရာရယ်"

"အင်း"

ကျွန်တော် အလွန်စိတ်မကောင်းဖြစ်သွားတယ်။

"ကိုယ်တိုင်သေမယ်ဆိုတာ သိနေတာပဲဆရာ ... သားလေး တစ်ယောက် အရိပ်မရှိတော့ရင် လူ့လောကမှာ အားကိုးရာမဲ့ ကျန်ခဲ့တော့မယ်၊ အရိပ်လို ပညာမတတ် အိမ်ဖော် ကြေးစားမရဲ့သားတစ်ယောက်ဖြစ်ပေမယ့် ပညာတတ်ကြီးဖြစ်ရမယ်လို့ အရိပ်မျှော်လင့်ထားတာပါ ... အခုတော့ ဆရာရယ်၊ ဟင့် ... ဟင့် ... ဟင့်"

အရိပ်ရဲ့ငိုရှိုက်သံက ဖုန်းထဲကပေမယ့် သူ့လိုပဲ ကျွန်တော့်ရင်တွေ ပူနေတယ်။

"ဆရာရေးတဲ့ စာအုပ်တွေထဲကလို ဝိညာဉ်ဘဝနဲ့ တစ္ဆေမကြီး ဖြစ်နေပါစေ၊ သားလေးကို အရိပ်စောင့်ရှောက်ချင်ပါတယ်၊ တစ္ဆေဘဝရောက်အောင် အရိပ်ဘာလုပ်ရမလဲ ဆရာရယ်၊ နည်းလမ်း သိရင် ပြောပါလား"

"အရိပ်ကို ဆရာပြောချင်တာက အားလုံးဟာ ကံတရား တွေပါလို့ ကိုယ့်ကိုယ်ကိုယ်ဖြေတွေးတွေးထားပါ ...



အရိပ်သားလေးကို အကောင်းဆုံးပြုစုပေးနိုင်မယ့်သူ လက်ထဲ အပ်စေချင်တယ် ... အရိပ်ကိုယ်တိုင်ကလည်း အသက်ရှင်ခွင့် ရတဲ့ကာလလေးမှာ ကလေးကို ယုံကြည်မှုတွေ့ရှိအောင် လောကကြီးကို ရင်ဆိုင်နိုင်အောင် စိတ်ဓာတ်တွေခိုင်မာအောင် လေ့ကျင့်ပေးထားပါ၊ ဘဝတွေဆိုတာ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ခွင့်ရတာမှ မဟုတ်တာ၊ တစ္ဆေဖြစ်ချင်တိုင်းလည်း ဖြစ်လို့မရဘူးလေ"

"ဟုတ်ကဲ့ပါ ဆရာရယ် ... ဟင့်"

အရိပ်ရဲ့ ငိုရှိုက်သံနဲ့အတူ ဖုန်းကကျလို့သွားတယ် ...

ကျွန်တော့်ပရိသတ်တွေထဲက ထိုကဲ့သို့သော ခံစားမှုတွေကို ရင်ဖွင့် တဲ့အခါ ... စာနာစွာနားထောင်ပေးရသည်လေ ...

ထို့ထက်ပို၍စွာနှင့် ...

"ချစ်သူ့အလောင်းနဲ့ဆယ့်တစ်ည" အတူအိပ်ခဲ့သော စစ်ထက်မာန် ဆိုတဲ့ လူငယ်တစ်ယောက်ရဲ့ အဖြစ်မှန်ဇာတ်လမ်းတစ်ပုဒ်ကို နောက်တစ်လ ထွက်မယ့် စာအုပ် ဖုန်းကလွှာမှာဖော်ပြပေးမည် ဖြစ်ပါကြောင်း ...

ပရိသတ်ကြီးကို အစဉ်သဖြင့်

လေးစားစွာဖြင့်

စာရေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

အေးဆောင်တစ်ယောက် ထောင်ငါးနှစ်ကျပြီး ထွက်လာတော့ ကိုရင်မောင်ကို အညိုးထားကာ အမှားကိုကြည့်၍နေလေသည်။ ကိုရင်မောင်ကတော့ သူဘာမှမမှားသည့်အတွက်ကြောင့် အေးဆောင်ကိုတွေ့လျှင် ခေါ်ဖြော နှုတ်ဆက်သည်။

အေးဆောင်က ကိုရင်မောင်ကို ရှေ့မှာတော့ ပြန်လည်နှုတ်ဆက်သော်လည်း နောက်ကွယ်တွင် ဘယ်လိုချောက်ချရမလည်း တွေးနေ၏။

"ကိုအေးဆောင် ကြည့်ရတာ ဘာတွေအရေးတကြီး စဉ်းစားစရာရှိနေလို့လဲ"

"ဘာလို့လဲ ထွေး ..."

"စိတ်လွတ်ကိုယ်လွတ်ကိုမရှိဘူး — တစ်ခုခုကို တွေးနေသလိုပဲ"

အေးဆောင်က သူ့ရှေ့ခွက်ထဲမှအရက်ကို မော့သောက်လိုက်ပြီး

"ထွေး — ငါရင်မောင်ကို လုံးဝမကျေနပ်ဘူး၊ ဒီကောင့်ကြောင့် ငါထောင်ကျခဲ့တာ — ဒီကောင်ဒုက္ခရောက်စေရမယ်"





ကြိမ်းဝါးလိုက်ရာ အေးဆောင် ကျွေးတာစား တိုက်တာသောက်တဲ့ ထွေးက ...

"ရင်မောင်ကို ဘယ်လိုဒုက္ခရောက်အောင် လုပ်မှာလဲ"

"ငါစဉ်းစားနေတာ ထွေး၊ ဒီကောင်က သတိအမြဲရှိတော့ ဒုက္ခပေးဖို့ဆိုတာ အကွက်ကျကျလုပ်မှဖြစ်မယ်"

အေးဆောင်ကပြောလိုက်စဉ် ထွေးက ...

"ဒီကိစ္စ ကိုဖိုးထိန်နဲ့တိုင်ပင်လိုက် — ကိုဖိုးထိန်က လက်ရဲဇက်ရဲ ကိုယ်လုပ်စရာမလိုဘူး"

"ဖြစ်ပါ့မလား",

"ဘာလို့မဖြစ်ရမှာလဲ — ငွေပေးလိုက်၊ လုပ်ပေးလိမ့်မယ်၊ ကိုဖိုးထိန်က မုဆိုးဆိုတော့ သူကြီးရင် ရင်မောင်ဆိုတဲ့ကောင် ဘယ်ခံနိုင်မလဲ"

ထွေးပြောတာလည်း ဖြစ်နိုင်သည်။ ကိုဖိုးထိန်က ဘာကိုမှ အကြောက်အလန့်မရှိ။ ငယ်စဉ်တည်းက တောထဲမှာကျင်လည်ခဲ့တာကြောင့် သတ်ဖြတ်ရမှာကို လက်ရွံ့တဲ့လူတစ်ယောက်မဟုတ်မှန်း အေးဆောင်သိလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

"အခုတလော စိတ်ထဲတစ်မျိုးပဲကွာ၊ တောတက်သစ်ခုတ်ရတာ စိတ်မပါသလိုဘဲ"

ကိုရင်မောင်က မနက်ထမင်းကြော်စားပြီး ရေနွေးကြမ်းသောက်ကာ ပြော၏။

မသစ္စာက ...

"ရှင့်မှာလဲ ပင်ပန်းလွန်းပါတယ် ကိုရင်မောင်ရယ် ... ယာလုပ်တာနဲ့ ကျွန်မတို့မိသားစု ထမင်းစားလောက်ပါတယ်"

"ထမင်းစားရုံနဲ့ ဘယ်ဟုတ်မလဲကွာ၊ သားလေးရှင်ပြုပေးဖို့ ရှိသေးတယ်မလား။ တောထဲသစ်ခုတ်တာ မြတ်မြတ်လေးရတယ်လေ"

မသစ္စာ ကိုရင်မောင်ကို သနားသည်။ သူ့ခင်ဗျာ ရာသီပတ်လုံးနားရသည်ဟူ၍မရှိ။ မိသားစုအတွက် အလုပ်ကိုကြိုးစားကာ လုပ်ရှာ၏။

"ဖေဖေ ... ဒီနေ့ ယာထဲသွားရင် သားလည်းလိုက်မယ်"

မင်းကိုလေးက အိပ်ရာမှနိုးကာ သူ့အဖေပေါင်ပေါ် တက်ထိုင်၍ပြော၏။





"ဒီနေ့ ယာထဲသွားမှာမဟုတ်ဘူး သားရဲ့ ... တောထဲ သစ်သွားခုတ်မှာ ... ယာထဲသွားတဲ့နေ့မှလိုက်နော်"

"ဟင့်အင်း ... ယာထဲပဲသွား ... "

"ယာထဲသွားလို့မရဘူးသားရဲ့ ... သစ်ခုတ်ဖို့ခေါ်ထားတယ် ဈေးကောင်းရမှာသားရဲ့"

ကိုရင်မောင် ယာထဲမသွား၍ မင်းကိုက ဂျီကျနေ၏။

"သား ဖအေအလုပ်သွားခါနီး ... ကဂျီကချောင် မလုပ်နဲ့လေ"

"သား ... ဖေဖေ သစ်ခုတ်တဲ့နောက်လိုက်ချင်တယ်"

"ငါ့သားကတော့ တစ်ခုပြီးတစ်ခုပဲဟေ့ ... သားလိုက်လို့မရတဲ့နေရာမို့ ဖေဖေ ... မခေါ်တာ ... ကဲ ... မေမေရေ သားကိုခေါ်ဦး၊ နောက်ကျနေဦးမယ် ... "

"ဟင့်အင်း ... ဖေဖေ မသွားနဲ့ ... "

မင်းကိုက ကျယ်လောင်စွာအော်ဟစ်ငိုယိုတော့သည်။ မသစ္စာက မင်းကို ကိုယူ၍ချီထား၏။ ကိုရင်မောင်က အလုပ်သွားရတာမပြောင့်။ [illegible] လှည့် ကြည့်နှင့်ထွက်သွားသည်။

သစ်ခုတ်သမားဘဝကလည်း လွယ်တာမဟုတ်၊ သတ်မှတ်ထားသော သစ်ကွက်ထဲမှ သစ်တို့ကို တစ်နေကုန် အပင်အရေအတွက်ကျအောင် ခုတ်ရသည်။ အပင်ကြီးလျှင် နှစ်ယောက် သုံးယောက်ဖွဲ့ကာ ခုတ်ရ၏။ ပင်ပန်းလှသော်လည်း နေ့တွက်ခကကောင်းသဖြင့် လုပ်ချင်တဲ့လူပေါလှသည်။

သစ်ကွက်ပိုင်သူတွေက လူတိုင်းကိုသစ်ခုတ်ဖို့ခေါ်တာမဟုတ်။ အတွေ့ အကြုံရှိသည့် မနိမကပ်လုပ်တတ်သူများကိုသာ ခေါ်သည်။

ကိုရင်မောင်ကိုတော့ ဘယ်သူမဆို အလုပ်ခေါ်ချင်သည်။ အသောက်အစားလည်းမရှိသလို အလုပ်လည်းကြိုးစားတာကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သစ်ခုတ်ရသည့်အကွက်က အတွင်းဘက်အနည်းငယ်ကျသည်။ ညနေစောင်းတော့ ကိုရင်မောင်အလုပ်ကိုရပ်ကာ ဖိုးခွား၊ သာဒင်တို့နှင့်အတူ ပြန်လာကြသည်။

ဖိုးခွားနှင့်သာဒင်ကနောက်က စကားတပြောပြောပါလာသည်။ ကိုရင်မောင်ကတော့ သားနှင့်မယားရဲ့မျက်နှာကို မြင်လိုတာကြောင့် ခပ်သွက်သွက် ခြေလှမ်းတို့ကိုလှမ်းကာလာသည်။

တောလမ်းဖြစ်တာကြောင့် ညနေစောင်းတာနှင့် အမှောင်ကရောက်လာ၏။ လမ်းချိုးအကွေ့အရောက်တွင် ...

"ဟာ"

"ရှီး ... "

"ဒုံး ... "

"အား"

မောင်းဆင်ထားသည့်ခလုတ်ကိုနင်းမိရာ သစ်ပင်ပေါ်မှ ဝါးချွန်များအစုလိုက်ကျလာပြီး ကိုရင်မောင်ကိုယ်ပေါ်သို့ စိုက်ဝင်သွားတော့သည်။

ကိုရင်မောင်အော်သံကြောင့် ဖိုးခွားနှင့်သာဒင်တို့ အပြေးရောက်လာပြီး ကြည့်လိုက်ရာ ဝါးချွန်များစိုက်ဝင်၍ သွေးသံရဲရဲနှင့်မြင်မကောင်းအောင် သေဆုံးနေသော ကိုရင်မောင်ကို တွေ့ရသည်။

"ဟာ ... ရင် ... ရင်မောင်"

ကိုရင်မောင်တစ်ယောက် ဘယ်လို့ သက်ရှင်စရာမရှိတော့။ ဖိုးခွားနှင့်သာဒင်တို့လည်း ရင်မောင်အလောင်းကို ခက်ခက်ခဲခဲ ဝါးချွန်တွေကြားမှ ယူကာ ရွာသို့သယ်လာခဲ့တော့သည်။

* * *



ဒီစိတ်သေကို ရွာထဲသွင်းလာတာ
မိစ္ဆာဝေ့ ရွာထဲဒီဝင်ဒီထွက် လုပ်မည်ဟု...

www.burmeseclassic.com

www.burmeseclassic.com

ရွှာနာဓာဲ့ည

အခန်း (၁၃)

"ဘယ်သူ့အလောင်းကြီးကို ရွာထဲသယ်လာတာလဲ"

ဖိုးခွားနှင့်သာဒင်တို့ တစ်လှည့်စီထမ်းလာသော ကိုရင်မောင် အလောင်းကိုကြည့်ကာ တစ်ယောက်တစ်မျိုးဝေဖန်နေကြသည်။

"ကိုရင်မောင် ဘယ်လိုသေတာလဲ၊ ဟာ … ဒဏ်ရာက မြင်မကောင်းပါလား"

"ကြောက်စရာကြီး၊ မျက်လုံးကြီးကလည်း ပြူးထွက်နေတယ်"

"သူကြီးအိမ်သယ်သွား … အခုလိုသေတာ ပြဿနာရှိတယ်"

ဖိုးခွားနှင့်သာဒင်တို့ကိုယ်မှာလဲ သွေးတွေရွှဲနစ်နေသည်။ ကိုရင်မောင် အလောင်းကိုထမ်း၍ သူကြီးခြံထဲဝင်မည်အပြု သူကြီးကပြေးထွက်လာပြီး …

"ခြေပြင်မှာချဟေ့ … ခြေပြင်မှာချ … "

ပြောလိုက်ရာ အလောင်းထမ်းလာသူ ဖိုးခွားက ကိုရင်မောင် အလောင်းကို သူကြီးခြံစည်းရိုးဘေး၌ ချလိုက်သည်။

---

ရဲရင့်အောင်စာပေ



"ဟာ … ဒဏ်ရာတွေက မနည်းပါလား၊ ဘယ်လိုဖြစ်တာလဲ ဖိုးခွား"

"ဒီလိုသူကြီးရေ … ကျုပ်တို့အလုပ်သိမ်းပြီးအပြန်မှာ … "

စသည်ဖြင့် ဖိုးခွားက သူတို့ကြုံခဲ့တာကို ရှင်းပြလိုက်၏။

"ထောင်ချောက်ခလုတ်နင်းမိပြီး သေတာပေါ့၊ ထောင်ချောက်က ဘာလို့တောစပ်မှာ လာထောင်ရတာလဲ … ဘယ်သူထောင်တဲ့ ထောင်ချောက်လဲ စုံစမ်းရမယ်"

"မုဆိုးတစ်ယောက်ထောင်တာပဲ နေမှာပေါ့"

လာကြည့်နေသူတွေထဲက တစ်ယောက်ကပြောလိုက်ရာ သူကြီးက

"ထောင်ချောက်ထောင်တာ မုဆိုးမှန်းသိတာပေါ့ … ရွာမှာလဲ မုဆိုးတွေအများကြီး၊ တစ်ခြားရွာက မုဆိုးတွေလည်းထောင်မှာပဲ၊ ဘယ်မုဆိုးကို သွားမေးရမလဲ"

သူကြီးစကားကြောင့် တစ်ယောက်တစ်မျိုး ထင်ရာကိုပြောလို့နေကြသည်။

ထိုစဉ် …

မသစ္စာနှင့်သူ့သားလေး မင်းကိုတို့ ကိုရင်မောင်သတင်းကို ကြားကြားချင်းပြေးလာသည်။

"အမလေး … ကိုရင်မောင်ရဲ့ အဖြစ်ဆိုးလှချည်လား"

"ဖေဖေ … ဟီး … "

မသစ္စာက ကိုရင်မောင်အလောင်းဖက်၍ အားရပါးရငိုလေရာ မအေငိုတော့ မင်းကိုလည်း ဖအေဖြစ်သူရဲ့အဖြစ်ဆိုးကိုကြည့်၍ အားရပါးရငိုလေ၏။

အတန်ကြာတော့ … သူကြီးက …

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မိုးလည်းချုပ်လာပြီ အလောင်းကို ကိုယ့်အိမ်ကိုယ်သယ်သွားကြတော့ ..."

"ဟုတ်ကဲ့ပါ ..."

ဖိုးခွား၊ သာဒင်နှင့်ရွာသားတစ်စုက ကိုရင်မောင်အလောင်းကို မသစ္စာ တို့အိမ်ကို သယ်လာသည်။

အိမ်ရောက်တော့ လုပ်စရာကိုင်စရာရှိတာများကို ရွာမှလူတွေက ဝိုင်း ဝန်းလုပ်ကိုင်ပေးကြသည်။ တစ်ချို့ကလည်း လေသံတိုးတိုးနှင့် ...

"ရင်မောင်သေတာ၊ အစိမ်းသေသေတာ _ ပြီးတော့ သူသေတာ ရွာပြင်မှာသေတာလေ၊ ရွာပြင်မှာသေတဲ့အလောင်းကို ရွာထဲသယ်လာကြတယ်၊ တစ်ကယ်ဆို ... မသယ်ကောင်းဘူး၊ ရွာနာတယ်ဆိုတာ မသိကြဘူးလား မသိ ဘူး"

"ရွာနာတယ်ဆိုတာ ဘာကိုပြောတာလဲ အဘစော ..."

"ရွာနာတယ်ဆိုတာ အစဉ်အလာကိုဖောက်ဖျက်ရင် မကောင်းတဲ့ မိစ္ဆာ တွေ ရွာထဲအဝင်အထွက်လုပ်မယ် ... ရွာကလူတွေကိုဒုက္ခပေးမယ်၊ ခေါ်မယ်၊ ဒီသဘောကိုပြောတာ"

"ကြောက်စရာကြီးပေါ့နော် ..."

အဘစောက အကြမ်းပန်းကန်ထဲက ရေနွေးကို မော့သောက် လိုက်ပြီး။

"ရင်မောင်သေတာ အစိမ်းသေ _ အစိမ်းသေသေရင် တစ္ဆေဖြစ် တာများတယ် _ ရင်မောင်က မယားနဲ့သားကို သံယောဇဉ်သိပ်တွယ်တာ၊ ပြီးတော့ _ သူ့ခွေးကြီးကိုကြည့် _ သူ့အလောင်းဘေးမှာတစ်ချိန်လုံးဝပ်နေ တယ် ..."

"ဟုတ်တယ်နော် ... အဲဒီခွေးက ရင်မောင်ကို တော်တော်





သံယောဇဉ်ရှိပုံရတယ် ... ရင်မောင် ဘယ်သွားသွားတကောက်ကောက် လိုက်နေတာ"

ထိုအချိန်တွင် နာရေးအိမ်ထဲသို့ အေးဆောင်နှင့်ငထွားတို့ ဝင်လာကြရာ ...

"ဝုတ် ... ဝုတ် ... ဂီး ..."

အောင်နက်က အတင်းထိုးဟောင်ကာ ပြေးကိုက်မည်ပြုလိုက်သဖြင့် အေးဆောင်က _ တုတ်တစ်ချောင်းကိုကောက်၍ ဟန့်လိုက်သည်။

"ဟဲ့ ... ခွေး ... သွားစမ်း ..."

"ဂီး ... ဂီး ..."

အောင်နက်ကို ဘယ်လိုပဲမောင်းမောင်း အောင်နက်က အေးဆောင် နှင့်ငထွားကိုကိုက်ရန်သာ လုပ်နေသဖြင့် မသစ္စာကလှမ်း၍ ...

"ဟဲ့ ... အောင်နက် ... သား လာစမ်း ..."

ဟောက်ရာ အောင်နက်လည်း အမြီးလေးကုပ်၍ သူ့သခင်အလောင်း နားပြန်လာကာ ဝပ်နေသည်။

အေးဆောင်က ဝမ်းနည်းသည့်လေသံနှင့် ...

"ကျွန်တော်လည်း ကြားရတာစိတ်မကောင်းပါဘူး၊ ရင်မောင်နဲ့ကျွန် တော်က သိပ်ခင်တာဗျ _ ရင်မောင် ကံဆိုးပါတယ်ဗျာ၊ သားကောင်ထောင် ထားတဲ့ ထောင်ချောက်ကို သွားနင်းမိလို့ အခုလိုဖြစ်ရတာ ..."

ပါးစပ်ကသာပြောနေသော်လည်း ... စိတ်ထဲကကျေနပ်နေမှန်း အေးဆောင်တစ်ယောက် သူ့ကိုယ်သူသိသည်။

မသစ္စာကတော့ ကိုရင်မောင်အလောင်းကို တွေတွေကြီးသာ ကြည့်နေ လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုရင်မောင် ရက်လည်ပြီးတည်းက ရွာထဲတွင် ညစဉ်အလွန်ကြောက်စရာကောင်းသော ခွေးအူသံကို ကြားရသည်။

ထိုခွေးအူသံကြောင့် တစ်ချို့ကလေးများလန့်ကာ ဖျားနာကြသလို တစ်ချို့ကလေးများကလည်း ညစဉ်လိုလိုထ၍ ငိုကြ၏။ ထိုခွေးအူသံကြားတိုင်း မသစ္စာက ...

"ကိုရှင်မောင်ရေ ... အမျှ ... အမျှ ... အမျှ ... "

ဝေပေးလိုက်လျှင် တစ်ခဏအကြာမှာ ခွေးအူသံတို့ ပျောက်သွားသည်။

ညဘက်ဆို သားလေးက ...

"မေမေ ... ဖေဖေ့ကိုခြံထောင့်မှာတွေ့တယ် ... "

"ဟင် ..."

"သား ... ဖေဖေနားသွားတော့ မတွေ့ရတော့ဘူးမေမေ ... "

"သားရယ် ... "

ကိုရှင်မောင် မကျွတ်မလွတ်ဖြစ်နေမှန်း မသစ္စာသိပါသည်။ တတ်နိုင်





သမျှ ဆရာတော်ကျောင်းသို့ ဝတ္ထုပစ္စည်းများ လှူကာ အမျှဝေပေးသည်။

သူဝေသည့်အမျှအတန်းကို ကိုရင်မောင်က သာဓုမခေါ်တာလား တော့မသိ။ ခွေးအူသံတွေ ကိုရင်မောင် အရိပ်တွေကတော့ တွေ့နေရဆဲပင် ဖြစ်သည်။

ရွာကလူတွေက အမြင်မျိုးစုံ အတွေးမျိုးစုံနှင့် ကိုရင်မောင်အကြောင်းကို ဝေဖန်ပြောဆိုကြသည်။

မိဘများက သူ့တို့သားသမီးများကို မင်းကိုနှင့်ဆော့ကစားစေခြင်း မပြုတော့ ဘာကြောင့်လဲဆိုတော့ ...

ကလေးသဘာဝဆော့ကြရာ မင်းကိုကို တခြားကလေးတစ်ယောက်က တွန်းလိုက်လို့ ချော်လဲရင်ပဲဖြစ်ဖြစ်၊ ရိုက်ခံရလို့ နာရင်ပဲဖြစ်ဖြစ် ထိုကလေးမှာ ညရောက်ရင် အဖျားတွေတက်ပြီး ကယောက်ကတမ်းတွေ ပြောတော့သည်။

ထို့ကြောင့်လည်း ...

ရွာက မသစ္စာတို့သားအမိကို ခပ်ကင်းကင်းသာ နေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကုတ်ဂူဘေးမှာ ဘိစ်ခေါက်မယ်
သေသွားတဲ့ သားနဲ့နေရအောင်ဟု ဆိုကာ ...



အခန်း (၁၄)

"ဗျို့ ... သုဘရာဇာ ... သုဘရာဇာရှိလား ... "

တဲရှေ့ကခေါ်သံကြောင့် မင်းကို တဲအောက်သို့ဆင်းလာကာ လာခေါ်သည့်လူများကို ကြည့်လိုက်၏။ အသက်ကြီးကြီး လူကြီးတစ်ယောက်နှင့် လူရွယ်အရွယ် လူလေးငါးယောက်ကို တွေ့ရသည်။

"ဘဘကြီးမရှိဘူး ... ကျွန်တော်တို့နေဖို့ ယာထဲမှာ တဲသွားထိုးနေတယ်"

"သွားလိုက်ခေါ် ... ရွာထဲက သူဌေးကြီး ဦးကောင်းကြွယ်ရောက်နေတယ်လို့ ... "

"နေပူတယ် ... မသွားချင်ဘူး"

မင်းကိုက ကလေးပီပီ မသွားချင်သဖြင့်ပြောရာ ဦးကောင်းကြွယ်က

"ဟောကောင် တစ္ဆေသား ... ခိုင်းတာလုပ်စမ်း၊ စကားတွေအများကြီးပြောမနေနဲ့ ... ငါရိုက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရာ မင်းကိုရဲ့မျက်နှာ ငိုမဲ့မဲ့ဖြစ်သွားသည်။ ဦးကောင်းကြွယ်ရဲ့တပည့်တစ်ယောက်ကဝင်၍ ...

"မြန်မြန်သွားစမ်း နိုင်းတာလုပ် ... သချိုင်းမှာနေ၊ သချိုင်းမှာစား၊ တစ္ဆေသား...က ပြောရင်ပြောတဲ့အတိုင်းမလုပ်ဘူး၊ ပေကပ်ကပ်နဲ့ ... "

ဟောက်လိုက်ရာ မင်းကိုရဲ့မျက်နှာ ငိုမဲ့မဲ့ဖြစ်သွားပြီး၊ ဦးကောင်းကြွယ်တို့ရဲ့ရှေ့မှ ပြေးထွက်ကာ ယာတဲဆီသို့ပြေးထွက်လာသည်။

နေ့လည်ခင်းဖြစ်တာကြောင့် နေကလည်းပူ၊ ဆောင်းစရာခေါင်းဆောင်းလည်းမပါတာကြောင့် ... မင်းကိုတစ်ယောက် ယာထဲရောက်တော့ အလွန်မောဟိုက်နေသည်။

"သား ... ဘာဖြစ်လာတာလဲ"

မသစ္စာက သူ့သားမင်းကိုအား စိုးရိမ်တကြီးနှင့် မေးလိုက်ရာ မင်းကိုက ...

"ဟိုလူကြီးတွေ သားကိုဆူတယ်"

"ဟေ ... ဘယ်လူကြီးတွေလဲ ... "

"ရွာထဲကလူကြီးတွေ ... ဘဘကြီးကိုသွားခေါ်တဲ့"

"ဟေ ... "

ဝါးတိုင်တို့ကို ကြိုးချည်နေသည့် သုဘရာဇာကြီးက မင်းကိုအား

"ဘာလုပ်ဖို့လို့ပြောလဲ ... မြေး ... "

"မပြောဘူး ဘဘကြီး ... သားကနေပူတယ်လို့ပြောတော့ သားကိုဟောက်တယ်"

"အေး ... အေး ... ဘဘကြီးပြန်ဟောက်လိုက်ပါ့မယ်သားရယ်"

ငိုမဲ့မဲ့ဖြစ်နေသော မင်းကိုကို သုဘရာဇာကြီးကချော့ကာ သချိုင်းဘက်သို့ထွက်လာသည်။





မသစ္စာနှင့်မင်းကိုလဲ အလုပ်ကိုသိမ်း၍ သုဘရာဇာကြီးနောက်မှ လိုက် လာ၏။

သချိုင်းရောက်တော့ သုဘရာဇာကြီးအား သူဌေးဦးကောင်းကြွယ်က

"သုဘရာဇာ ကျုပ်သားအုတ်ဂူဘေးမှာ အိမ်တစ်လုံးဆောက်ချင်တယ်"

"ဘယ်ဖြစ်မလဲ ... သူဌေး ... သချိုင်းမှာ အိမ်ဆောက်ခွင့်မရှိဘူး"

ဦးကောင်းကြွယ်ရဲ့မျက်နှာ ခက်ထန်သွားပြီး ...

"သချိုင်းလည်းမြေပဲ ... ဘာလို့ဆောက်ခွင့်မရှိရမှာလဲ၊ ကျုပ်သားက နေစရာမရှိဘူးပြောလို့ ကျုပ်အိမ်ဆောက်ပေးချင်တာ"

"သူဌေး ... သချိုင်းမြေဟာ တစ်ခြားနေရာနဲ့မတူဘူး၊ သချိုင်းမှာလာဆောက်ရင် ဇရပ်ပဲဆောက်လို့ရမယ် ... ဇရပ်က အများတကာတည်းလို့ခိုလို့ရအောင် ဆောက်လှူတာ ... လူတစ်ဦးတစ်ယောက်တည်းဖြစ်ဖြစ်၊ ပရလောကသားပဲဖြစ်ဖြစ်၊ တစ်ဦးတစ်ယောက်တည်းအတွက် သချိုင်းမှာ ဆောက်ခွင့်မရှိဘူး"

သုဘရာဇာကြီးက သူဌေး ဦးကောင်းကြွယ် နားလည်အောင် ရှင်းပြပေမယ့် ... ဦးကောင်းကြွယ်က ...

"မလိုဘူး ... ကျုပ်သားနေဖို့ အိမ်ဆောက်ခွင့်ရအောင် သူကြီးကို ပြောရမယ် ... "

"သူကြီးက ရွာပဲပိုင်တာ၊ သချိုင်းပိုင်တာ မဟုတ်ဘူး၊ သချိုင်းက ကျုပ်အပိုင် ... ကျုပ်အပိုင်မှာ ကျုပ်သဘောပဲ ... "

သုဘရာဇာကြီးလည်း ခပ်မာမာပြန်ပြောရာ ဦးကောင်းကြွယ်က

"ရအောင်ဆောက်မယ် ... ခင်ဗျား ကြည့်နေ ... "



www.burmeseclassic.com

www.burmeseclassic.com



"သူဌေး – သချိုင်းမှာ ခင်ဗျားသားအတွက်အိမ်ဆောက်ပေးတာထက် ခေါ်စာကျွေးရင် ပိုကောင်းမယ်ဗျ ... "

"ဟင် ... ခေါ်စာကျွေးရင် ... "

"ဟုတ်တယ် – ပရလောကသားတွေဟာ ဝါးတစ်ပင် သစ်တစ်ကိုင်းမှာနေလို့ရတယ်၊ အစားအသောက်ကတော့ သူတို့အတွက် အင်မတန်ရှားတယ်၊သူတို့ကို ရည်ရွယ်ကျွေးမှ စားရရှာတာ၊ ဒီတော့ – ခင်ဗျားသားလည်း စားရအောင် ... သူ့အပေါင်းအသင်းတွေလည်းစားရအောင် ခေါ်စာကျွေးလိုက်ပါ"

သူဌေး ဦးကောင်းကြွယ် သုဘရာဇာကြီးစကားကြောင့် ငိုင်သွားသည်။ သူ့နားထဲတွင်လည်း သုဘရာဇာကြီး၏

"ခေါ်စာကျွေးလိုက်ပါ ... "

ဆိုတဲ့စကား ကြားယောင်လို့နေတော့သည်။

■ ■ ■



"ဘဘကြီး ခေါ်စာကျွေးတယ်ဆိုတာ ဘာလဲဟင်"

ညဘက် တဲရှေ့ကွပ်ပျစ်မှာ ထိုင်စကားပြောကြတော့ မင်းကိုက သုဘ ရာဇာကြီးကို မေးလိုက်သည်။

"ခေါ်စာကျွေးတယ်ဆိုတာ သချိုင်းက နာနာဘာဝ ပရလောကသားတွေကို အစာကျွေးတာ ... ကုသိုလ်လုပ်တာပေါ့ ... "

"သူတို့ဘာသာ ရှာမစားကြဘူးလားဟင်"

"သူတို့က သူတို့ဘာသာ ရှာစားလို့မရကြဘူး၊ ရှာစားလည်း သူတို့အတွက် အစာရေစာ အရမ်းရှားပါးတယ်လေ – လူတွေကကျွေးရင်တောင် သူတို့အတွက် ရည်ရွယ်ပြီးကျွေးမှ စားရတာ၊ ကုသိုလ်ပြုရင်လည်း ရည်ရွယ်ပြီးပြုမှ ကုသိုလ်ရတာ – ဒါတောင် ဝဋ်ကြွေးမကုန်ရင် သာဓုမခေါ်နိုင်သေးဘူး ... "

သုဘရာဇာကြီးက မင်းကိုအား အသေအချာကို ရှင်းပြ၏။ မသဲ့ကွာကဝင်၍ ...

"ခေါ်စာကျွေးလိုက်ရင် သူတို့ဘာဖြစ်မလဲ ဦးကြီး ... "



www.burmeseclassic.com

www.burmeseclassic.com



"အစာမစားရတဲ့အခါ လူလိုပေါ့ _ ဒေါသတွေဖြစ်၊ စိတ်တွေတို ကြမ်းတာပေါ့ _ အစာစားရတဲ့အခါ စိတ်တွေငြိမ်၊ စိတ်တွေကြည်လင်ရင် ဘုရားတရားသံကို နားထောင်သာဓုခေါ်ကြမှာပေါ့ ... အစာကျွေးတဲ့ အတွက်လည်း လူ့ဘဝက အညှိုးတွေရှိခဲ့ရင်လည်း ကျေသွားမှာလေ၊ ဒါတွေ အားလုံးဟာ ဦးကြီးအထင်ပြောတာပါ ... "

သုဘရာဇာကြီးက ဆေးပေါ့လိပ်ကြီးကို ကောက်ကာဖွာလိုက်သည်။ မသစ္စာက ...

"ဦးကြီး _ ကိုရင်မောင် တစ္ဆေဖြစ်ပြီး ရွာထဲဝင်၊ လူတွေရဲ့လိပ်ပြာကို နှုတ်သွားတယ်ဆိုတာ တကယ်လားဟင် ... "

"အင်း ... "

သုဘရာဇာကြီးက ခပ်လှမ်းလှမ်းက ကိုရင်မောင်အုတ်ဂူကို တွေတွေကြီးကြည့်၍ ...

"ပြောရတာတော့ခက်တယ် ... မောင်ရင်မောင်က တူမကြီးတို့ သားအမိကို သံယောဇဉ်တအားကြီးတာ ... အဲဒီသံယောဇဉ်ကြောင့် မကျွတ်မလွတ် ဖြစ်နေတယ် ... ဒါကြောင့်လဲ ... ရွာထဲကို အခွင့်ရတာနဲ့ ဝင်ရာက ရွာကတူမကြီးတို့ရှိလို့ လူတွေသေတာဆိုပြီး အနှင်ခံရတယ် လေ _ တူမကြီးတို့သချိုင်း ရောက်လာတော့ ရွာမှာ ဒီသတင်းမကြားရတော့ ဘူး"

"အင်း ... ဟုတ်တယ်နော် ... "

"တူမကြီးတို့သားအမိ မောင်ရင်မောင်ကိုရည်စူးပြီး အမျှဝေပေးလိုက် ပါ ... ပြီးရင် ဒီသချိုင်းမှာ မောင်ရင်မောင်နဲ့တကွ ဆိုင်ရာပိုင်ရာတွေ မြင်အပ်မမြင်အပ်တဲ့သတ္တဝါတွေကို ခေါ်စာပစ်ပေးလိုက်ပါ"

မသစ္စာ မျက်ရည်တွေဝိုင်းလာသည်။ သူ့ယောက်ျားရဲ့သံယောဇဉ်ကြီး





မှုကြောင့် မကျွတ်မလွတ်ဘဲ တစ္ဆေကြီးဖြစ်နေတဲ့အတွက် ဝမ်းနည်းမဆုံးဖြစ်ရ သည်။

"ဘယ်လိုပဲဖြစ်ဖြစ်ပါ ... သုဘရာဇာကြီး သားလေးကို ကိုရင် စီးပေးလိုက်ပါ့မယ် _ သူ့ဖေဖေ ကုသိုလ်ရအောင်ပေါ့"

"အကောင်းဆုံးပေါ့ တူမကြီးရယ် _ သူများတွေလို တခမ်းတနား မလုပ်နိုင်တောင် ဆရာတော်ကျောင်းမှာ သင်္ကန်းတောင်း ကိုရင်စီးလို့ရပါ တယ်"

"ဟုတ်ကဲ့ ... "

"မောင်ရင်မောင်ကလည်း သူ့သားကို ကိုရင်သိပ်စီးပေးချင်တာ မလား၊ အခုသူရောက်နေတဲ့ဘဝကနေ သူ့သားကိုရင်ဝတ်နဲ့မြင်ရင် အရမ်း ကျေနပ်မှာလေ"

"ဟုတ်ပါတယ် ... ဦးကြီးရယ် ... "

သုဘရာဇာကြီးစကားကို နားထောင်နေသည့် မင်းကိုကဝင် ၍ ...

"သား ... ဖေဖေ့အတွက် ကိုရင်စီးရမှာပေါ့နော် ... "

"အေးပေါ့မြေးရဲ့ ... ဒါမှ သားဖေဖေ အပယ်ပိတ်မှာလေ"

"အပယ်ပိတ်တယ်ဆိုတာ ဘာလဲဟင် ... "

"အပယ်ပိတ်တယ်ဆိုတာ သားဖေဖေတစ္ဆေကြီး မဖြစ်တော့ဘူးပေါ့"

"အဲလိုဆို သား ... ကိုရင် မြန်မြန်စီးချင်တယ် မေမေရယ်"

မင်းကိုက သူ့မအရေးခွင်ထဲ ခေါင်းဝင်ကာပြောတော့ မသစ္စာရဲ့မျက် ရည်ပေါက်တို့က သူ့သားပါးပြင်ပေါ် ကျလာလေတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

နေစရာမရှိ၊ စားစရာမရှိဘဲ ပြဿနာဖြစ်နေလို့ အလှူငွေပေးပါမှာ ...



## အခန်း (၁၅)

"တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား ... "

"ကောင်းပါပြီဒကာ – ဒကာရဟန်းဘောင်ဝင်မှာ ဘုန်းကြီးအားရဝမ်းသာလက်ခံပါတယ် ... ဒကာရဲ့ဘဝအဆက်ဆက်က အထုံရှိခဲ့တော့ နာမ်စီး၊ ဓာတ်စီး၊ လိပ်ပြာစီးတာ ခဏခဏခံနေရတယ်လေ ... အဲဒါကြာ ရင် ကိုယ့်လိပ်ပြာပါလွှင့်တတ်တာဆိုတော့ မကောင်းတဲ့အရာဘဲ စစ်မှန်တဲ့ ဗုဒ္ဓဘုရားရဲ့တရားဒေသနာစစ်စစ်တွေကို ကျင့်ကြံအားထုတ်တာ အကောင်းဆုံးပါပဲ ဒကာ ... "

"တင်ပါ့ဘုရား ... "

ကိုသစ်က ဆရာတော်အား ဦးချကာ ကျောင်းပေါ်မှဆင်းလာတော့ မသစ္စာက မင်းကိုကိုဆွဲကာ ဘုန်းကြီးကျောင်းထဲသို့ ဝင်လာ၏။

ကိုသစ်နှင့်ကျောင်းဝင်းထဲမှာဆုံတော့ ...

"မသစ္စာတို့ ကျောင်းလာတာလား"

---



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုသစ် ... သားလေးကို ကိုရင်စီးပေးချင်လို့ ဆရာတော်ကို လာလျှောက်တာလေ ..."

"ဟင် ..."

ကိုသစ် အံ့သြသွားသည်။ တိုက်တိုက်ဆိုင်ဆိုင် သူကိုယ်တိုင်ပဲ ရဟန်းဘောင်ဝင်ချင်၍ ဆရာတော်ကို လာလျှောက်ခြင်းဖြစ်၏။

"ကိုသစ်လည်း နေကောင်းတယ်နော်"

"ကောင်းတယ် မသစ္စာ ... ကျွန်တော်လည်း ရဟန်းဘောင်ဝင်ချင်လို့ ဆရာတော်ကို လာလျှောက်တာ"

"ဟင် ... ကိုသစ်က ရဟန်းဝတ်မယ် ဟုတ်လား ..."

"ဟုတ်တယ် ... ကျွန်တော်နေရတဲ့ဘဝကိုလည်း စိတ်ညစ်တယ်"

"အင်း ... သွားဦးမယ် ..."

မသစ္စာက ကိုသစ်ကိုနှုတ်ဆက်ကာ ကျောင်းပေါ်တက်လာသည်။ ကိုသစ်က တခြားလူများနှင့်မတူ။ တစ်ခြားဝိညာဉ်တစ်ခုက သူ့ခန္ဓာကိုယ်ကို အချိန်မရွေး ဝင်လိုက်ထွက်လိုက်နှင့်လုပ်နိုင်သည်။

သူကိုယ်တိုင်ကလည်း နတ်ကတော်တွေလို ပင့်ဖိတ်ပူးတာလဲ မဟုတ်။

နာမ်လောကသားတွေက ဝင်လာတတ်တာကြောင့် ကိုသစ်တစ်ယောက် သူ့စိတ်နဲ့သူကိုယ် နေခွင့်မရခဲ့။

ထို့ကြောင့်လည်း ကိုသစ်တစ်ယောက် သူ့ဘဝသူစိတ်ပျက်ကာ ရဟန်းဘောင်သို့ဝင်မည်ဟု ဆုံးဖြတ်လိုက်တာဖြစ်မည်ဟု မသစ္စာတွေးထင်မိသည်။

"ဒကာမတို့ပါလား ... လာကြ"

ကျောင်းပေါ်ရောက်တော့ ဆရာတော်ရှေ့ ဝတ်ပြုကာ ဆရာတော်





အား လက်အုပ်ချီလျှက် ...

"တပည့်တော်မရဲ့ သားလေးကို ကိုရင်စီးပေးချင်လို့ပါဘုရား"

"ဟေ ... အရွယ်မငယ်လွန်းဘူးလား"

"သူ့အဖေက သားကို ကိုရင်သိပ်စီးပေးချင်တဲ့ ဆန္ဒရှိခဲ့လို့ပါ၊ သူ့အဖေလည်း ကုသိုလ်ရအောင် ကိုရင်စီးပေးပါရစေဘုရား ..."

ဆရာတော်က ခေါင်းတညိတ်ညိတ်နှင့် ...

"အင်း ... သားကို ကိုရင်ဝတ်ပေးပြီး သာသနာ့ဘောင်ရောက်ရင် မိဘအပယ်တံခါးပိတ်ပါတယ် ဘုန်းကြီးခွင့်ပြုပါတယ် ..."

"ကျေးဇူးကြီးလှပါတယ် ဘုရား ..."

မသစ္စာနှင့်မင်းကိုလေးတို့က ဆရာတော်ကို ဝတ်ပြုလိုက်ကြသည်။ ဆရာတော်က ...

"စောစောက ကိုသစ်လည်း ရဟန်းပြုချင်လို့ လာလျှောက်တယ်၊ သာသနာမှာနေရင် သာသနာ့စည်းကမ်းကျင့်ဝတ်နဲ့ ဗုဒ္ဓဘုရားရှင်နဲ့သိမှတ်စရာတွေကို လေ့လာသင်ယူဖို့တော့လိုဦးမယ် ... ကျောင်းကိုလွှတ်ပေးဦးပေါ့ ... ကိုသစ်လည်း အဖော်ရှိတာပဲ နှစ်ယောက်အတူတူ ဖိုးသူတော်ဆီမှာ သင်ကြ၊ ညနေရောက်တော့ ပြန်ပေါ့ ..."

"တင်ပါ့ဘုရား ..."

"အေး ... အေး ... နှစ်ပတ်လောက်ဆို သင်္ကန်းတောင်းနဲ့ ရှင်ကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်တွေရသွားမှာပါ ... အဲဒီကျရင် ဝတ်ပေးတာပေါ့"

"ကျေးဇူးပါပဲဘုရား ... တပည့်တော်မကို ပြန်ခွင့်ပြုပါဦး ..."

"အေး ... အေး ..."

မသစ္စာက ဆရာတော်ကိုဝတ်ပြုကာ မင်းကိုလက်ကိုဆွဲ၍ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှဆင်းလာသည်။ ဆရာတော်က စည်းကမ်းကြီးတာကြောင့် ကိုရင်စီးချင်တိုင်း စီးလို့မရ ... သာသနာ့ဘောင်ဝင်ရင် သာသနာ့စည်းကမ်းအတိုင်းနေတတ်အောင် အရင်သင်ပြီးမှ ဝင်ခိုင်းသည်။

"သား ... ဆရာတော်ဆီမှာ စာလာသင်ရဦးမှာပေါ့နော် မေမေ"

"လာ ... သင်ရမှာပေါ့သားရဲ့ ... "

"သားတစ်ယောက်တည်း လာသင်ရမှာလား"

"အင်း ... "

မသစ္စာစဉ်းစားလိုက်သည်။ ပြီးမှ ...

"မေမေကလည်း အလုပ်မအားဘူး ... ဘဘကြီးလည်း အမြဲပို့ပေးနိုင်မှာမဟုတ်ဘူးလေ ... အဲ ... ဒီလိုလုပ် အောင်နက်ကိုအဖော်ခေါ်သွား။ အောင်နက်လိုက်ပို့ပေးမှာပေါ့ ... "

"ပြီးရော မေမေ ... "

မင်းကိုက သူ့မအေ မသစ္စာလက်ကိုဆွဲကာ ရွာထဲမှထွက်လာခဲ့တော့သည်။

❖ ❖ ❖



"အဖေရေ ... အဖေ ... "

အိမ်အောက်က အလန့်တကြားခေါ်သံကြီးကြောင့် ဦးကောင်းကြွယ်အိပ်ရာကလန့်နိုးကာ အသံလာရာအောက်သို့ ကြည့်လိုက်သည်။

"ဟင် ... "

"အဖေ ... ကျုပ်အေးဆောင်ပါ ... အဖေ့သားအေးဆောင်ပါ"

ဦးကောင်းကြွယ်လည်း ပုဆိုးကိုပြင်ဝတ်ကာ အိမ်အောက်သို့ အလျှင်အမြန်ဆင်းလာသည်။

"သား ... "

အမှောင်ရိပ်ထဲက သစ်ပင်ရိပ်ကြီးရဲ့အောက်တွင် အေးဆောင်မတ်တတ်ရပ်နေရာ ဦးကောင်းကြွယ်က ရှေ့သို့တိုးမည်အပြုတွင် ...

"အဖေ ... ရှေ့မတိုးနဲ့ ... အဖေရှေ့တိုးလို့ ကျုပ်နားကပ်ရင် ကျုပ်နေရမှာမဟုတ်ဘူး ... "

"သား ... မင်းဘာဖြစ်ချင်လဲ အဖေ့ကိုပြော ... "

အေးဆောင်က လည်ချောင်းသံကြီးဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... ဗိုက်ဆာတယ်အဖေ၊ ကျုပ်ကို အစာကျွေးပါ၊ ကျုပ် ပြိတ္တာဖြစ်နေပြီဗျ ... "

"သား ... "

ဦးကောင်းကြွယ် မျက်လုံးထဲ မျက်ရည်တွေဝိုင်းလာသည်။ သူ့သား လူဆိုး၊ လူမိုက် အစ်မတွေကြားမှာ ယောက်ျားတစ်ယောက်တည်းမို့ အလို လိုက်ထားခဲ့သည်။

ဘာကောင်းမှုကုသိုလ်မှလည်း သူမလုပ်ခဲ့။

"အဖေ ... ကျုပ်နေစရာလည်းမရှိဘူး၊ စားစရာလည်းမရှိဘူး။ ကျုပ် ... "

"သားမပူနဲ့ ... သားအတွက် အဖေအကုန်စီစဉ်ပေးမယ်၊ သား ဘာစားချင်လဲပြော ... "

ဦးကောင်းကြွယ်က အလောတကြီးမေးလေရာအေးဆောင်က ...

"အဖေ ... ကျွေးချင်တိုင်း ကျွေးလို့မရဘူး၊ ကျုပ်ကိုရည်စူးပြီး အလှူလုပ်ပေးပါ ... ပြီးရင် သချိုင်းမှာ ခေါ်စာပစ်ပေးပါ ... "

"ဟေ ... "

"အဖေ ... သေချာလုပ်ပေးပါ ... "

"အလှူ ဘယ်လိုလုပ်ရမှာလဲ ... သား ... "

"ရင်မောင် ... သားနဲ့ ကိုသစ်တို့ သာသနာ့ဘောင်ဝင်မှာ ကျုပ် အတွက်ရည်စူးပြီး ရဟန်းဒကာခံပေးပါ ... ကျုပ်မှာတာ မမေ့ပါနဲ့"

"သား ... အေးဆောင် ... "

အေးဆောင်ရဲ့အသံက ကျယ်လောင်စွာထွက်လာပြီး ပုံရိပ်လည်း ပျောက်ကွယ်သွားသည်။

"ဟင် ... "





ဦးကောင်းကြွယ်တစ်ကိုယ်လုံးချွေးများ ရွှဲစိုလို့နေသည်။ သူ့ကိုယ်သူ ပြန်ကြည့်လိုက်တော့ အိပ်ရာထဲမှာပင်ရှိနေတာကြောင့် အိပ်မက်မက်နေမှန်း သိရသည်။

"ငါ့ကို ... သားက သူ့အတွက် ကုသိုလ်လုပ်ပေးဖို့ပြောတာဆို တော့"

သူ ဘယ်လိုမှစိတ်မကောင်း ... ပြီးတော့ ပြောသေးသည်။

"သချိုင်းထဲမှာ ခေါ်စာပစ်ပေးပါတဲ့ ... "

ဘယ်လိုပဲဖြစ်ဖြစ် သူ့သားအတွက် သူအလှူလုပ်ပေးမည်ဟု ဆုံးဖြတ် လိုက်၏။

သူ့သား အေးဆောင် ပြိတ္တာဘဝရောက်နေတာ ဖြစ်သည့်အတွက် သူ့ရင်ထဲက ဝမ်းနည်းကြေကွဲစွာ ခံစားရသည်။

နေစရာ၊ စားစရာ မရှိတဲ့ဘဝမှာ သူတို့အလိုချင်ဆုံးက ကောင်းမှု ကုသိုလ်ပင်ဖြစ်သည်။

ထိုကောင်းမှုကုသိုလ်ကြောင့် သူ့သားအေးဆောင်တစ်ယောက် ဘဝကူးကောင်းသွားလျှင် ဦးကောင်းကြွယ်တစ်ယောက် ကျေနပ်ရမှာ လေ ...

သူပြုပေးရမည့်အလှူက ... အေးဆောင်ရဲ့ ရန်ညှိုးထားခံရတဲ့ အေးဆောင်ကို တမလွန်ခေါ်သွားသည့် ရင်မောင်ရဲ့သားကို သာသနာ ဘောင်သွင်းပေးပါတဲ့ ... ပြီးတော့ ... ကိုသစ်ကို ရဟန်းဘောင်သွင်းပေးပါဟု ပြောသည်။ အင်းလေ ... တမလွန်မှာ အညှိုးတွေ အာဃာတမရှိတော့ဘဲ သူတို့လိုချင်တာက အမျှပေးဝေတာပဲ ဖြစ်မှာပါဟု တွေးမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုရင်ဘဝရောက်ရင်
ပထမဆုံးအစွမ်းခံလို့ရတဲ့ အစွမ်းကို ဘုရားလှူ ဆရာတော်ကပ်၊
ကျန်တာဘုန်းပေးပြီး ကျန်ခဲ့ရင် ဖြစ်လာတာတွေကိုကျွေးလိုက်ပါ



## အခန်း (၁၆)

"မင်းကို မင်းခွေးကြီးက အရမ်းလိမ္မာတယ်နော် … မင်းကျောင်းလာရင် လိုက်ပို့တယ် … ပြန်ရင်လာကြိုတယ် … "

ကိုသစ်က မင်းကိုဘေးကခွေးကြီးအောင်နက်ကိုကြည့်၍ ချီးကျူးနေသည်။ အောင်နက်ကြီးက မင်းကို ဘုန်းကြီးကျောင်းမှာ စာလာသင်ရင်လိုက်ပို့ပြီး ပြန်လျှင်လာကြို၏။

မင်းကို ကျောင်းပြင်ထွက်မလာသေးရင် ကျောင်းဝကထိုင်စောင့်နေသည်။ ကျောင်းထဲသို့မဝင်ရဲ၊ ဘာကြောင့်လဲဆိုတော့ ကျောင်းထဲတွင် ခွေးများရှိသည့်အတွက်ကြောင့်ဖြစ်၏။

"သားခွေးက ဖေဖေ့ကိုပိုချစ်တာ ဦးသစ်ရဲ့ … "

"ဘယ်လိုဖြစ်လို့လဲ … "

"အရင်တုန်းက ဖေဖေယာထဲသွားရင်လိုက်တယ် … တောထဲတော့ မလိုက်ဘူး၊ ဖေဖေက မခေါ်ဘူးလေ … အခုလည်း ညသက်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေအိပ်တဲ့ အုတ်ဂူဘေးမှာ သွားအိပ်တယ်''

''အဲလိုလား ...''

ကိုသစ်လည်း သခင်ပေါ်သီတတ်လွန်းသည့် ခွေးကြီးအောင်နက်ကို ကြည့်ကာ ကျေဇူးတင်မိသည်။ ဘုန်းကြီးကျောင်းက ပြန်သည့်အခါတိုင်း ကိုသစ်တစ်ယောက် မင်းကိုကိုရွာပြင်ထိ ပို့ပေးသည်။

မိုးချုပ်နေဝင်စဆိုပေမယ့် မင်းကိုနှင့်ခွေးကြီးအောင်နက်က သွားနေကျဖြစ်တာကြောင့် မကြောက်ကြ။

''အား ... ခေါင်း ... ခေါင်းတွေမူးလိုက်တာ''

ရုတ်တရက် ကိုသစ်တစ်ယောက် ခေါင်းကိုလက်နှင့်ဖိကာ ခွေခနဲ လဲကျသွားသည်။

''ဦးသစ် ... ဟာ ... ဘယ်လိုဖြစ်တာလဲ''

မင်းကိုက ပြေးထူလိုက်စဉ် မှေးစင်းနေသော ကိုသစ်ရဲ့မျက်လုံးများ ပွင့်လာကာ ...

''သား ...''

''ဟင်''

သူ့ကိုခေါ်လိုက်တဲ့အသံက သူ့ဖေဖေရဲ့အသံ ...

''ဦးသစ် ... ဘာဖြစ်တာလဲဗျ ...''

မင်းကိုကမေးရာ ကိုသစ်က တဖြည်းဖြည်းထလာပြီး မတ်တတ်ရပ်လိုက်သည်။

''အူး ... ဝူး ...''

ယခင်ကိုသစ်နားမကပ်တဲ့ ခွေးကြီးအောင်နက်က ကိုသစ်ကို စိုက်ကြည့်၍ စူးစူးဝါးဝါးအူကာ ခန္ဓာကိုယ်အား ကိုယ်နှင့်ပွတ်တိုက်နေသည်။





''သား ... ဖေဖေ ... သားကို ကိုရင်စီးတဲ့ပုံနဲ့ မြင်ချင်ပါတယ် သားရယ် ...''

''ဦးသစ် ...''

မင်းကိုရဲ့အသံက တုန်ခါလို့နေသည်။ ကိုသစ်ပါးစပ်ကထွက်တဲ့အသံ က ကိုသစ်အသံမဟုတ် ... သူ့ဒီအသံကို ကောင်းကောင်းမှတ်မိသည်။ ထိုအသံရှင်က သူ့ဖေဖေရဲ့အသံ ...

''သား ... ကိုရင်စီးပြီးရင် ဖေဖေ့ကို အမျှဝေပေးနော်''

''ဟုတ် ... ဟုတ်ကဲ့ ...''

ဖခင်ရဲ့ ရင်ငွေ့ထဲရောက်နေသည့် သားတစ်ယောက်ရဲ့ ခံစားမှုမျိုး မင်းကိုခံစားရသည်။ ကိုသစ်က ဒူးထောက်၍ မင်းကိုပခုံးလေးကိုကိုင်ကာ မျက်နှာချင်းဆိုင်လိုက်သည်။

မင်းကိုမျက်လုံးထဲ ကိုသစ်ကိုမမြင်တော့ ... သူ့ဖေဖေကိုရင်မောင် မျက်နှာပဲ ထင်လာသည်။

''သားကို ဖေဖေကိုယ်တိုင် သင်္ကန်းစီးပေးချင်ပေမယ့် စီးပေးခွင့် မရလို့ သင်္ကန်းစီးမယ့်သားကို ဖေဖေစောင့်ကြည့်နေတာပါ''

''ဖေ ... ဖေဖေ ...''

မင်းကိုရဲ့ နှုတ်ဖျားက တစ်လုံးချင်း အသံထွက်လာသည်။

''သား ... ပထမဆုံးဆွမ်းခံလို့ရတဲ့ ဆွမ်းကို ဘုရားလှူ၊ ဆရာတော်ကိုကပ်၊ ကျန်တာကို သားဘုန်းပေးပြီးရင် ဆွမ်းကျန်၊ ဟင်းကျန်ကို ပရလောကသားတွေအတွက် အစာကျွေးလိုက်ပါ ...''

''ဟင် ... ခေါ်စာကျွေးရမှာပေါ့''

''ဟုတ်တယ်သား ... သားကခွင့်ပြုရင် သူတို့စားခွင့်ရမှာပေါ့''

''ဖေဖေလည်း စားမှာလား ...''



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

"သားကျွေးမယ်နော် ဖေဖေ ... ဖေဖေစားပြီး သာခုခေါ်လိုက်ပါ"

"အေးပါ သားရယ် ... "

ကိုသစ်ကပြော၍ ပစ်လဲကာကျသွားသလို ခွေးကြီးအောင်နက်က ကိုသစ်ဘေးကခွာ၍ ရှာပြင်သို့ကြည့်ကာ အားရပါးရ အူလိုက်တော့သည်။

မင်းကိုက ...

"ဦးသစ် ... ဦးသစ် ... "

"အား ... ကျွတ် ... ငါ ... ငါ ဘာဖြစ်တာလဲ"

ကိုသစ်က သတိပြန်ရလာပြီးမေးတော့ မင်းကိုက မျက်ရည်များနှင့် ခေါင်းရမ်းပြသည်။

"ဦးသစ် ဘာမှမဖြစ်ပါဘူး ... "

"သားသွားတော့မယ်နော်"

မင်းကိုကပြော၍ ခွေးကြီးအောင်နက်နှင့်အတူ ထွက်သွားရာ ကိုသစ်တစ်ယောက် မင်းကိုလေးရဲ့ ကျောပြင်ကိုကြည့်ရင်း ကျန်ခဲ့သည်။ သူဘယ်လိုဖြစ်လဲ သူ့ကိုယ်သူမသိပေမယ့် မင်းကိုလေးရဲ့မျက်ရည်များ၊ ရှိုက်သံများကို သူ့နားထဲကြားနေလေတော့သည်။



# နိဂုံး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကိုရင်လေး ပထမဆုံးရတဲ့ ဆွမ်းကို ဘယ်လိုလှူမလဲ ...

စိုင်ပြင်ရွာလေးမှာ လှူတဲ့အလှူက အတော့်ကို ကြီးကျယ်ခမ်းနား လွန်းလှသည်။ အလှူရှင်ကလည်း သက်ရှိထင်ရှားမဟုတ် ... ကွယ်လွန်သူကိုအေးဆောင်ရဲ့အလှူတဲ့။

ရွာဦးကျောင်းဆရာတော်ကို သိက္ခာထပ်ပေးကာ ကွယ်လွန်သူကိုရင်မောင်နှင့်ကျန်ရစ်သူ မသစ္စာတို့ရဲ့သားကို ကိုရင်စီးပေး၍ ကိုသစ်အား ရဟန်းခောင်သွတ်သွင်းပွဲကို တခမ်းတနား လှူပေးသည်။

ထိုအလှူအားလုံးရဲ့ အစီအမံကတော့ သူဌေးဦးကောင်းကြွယ်ပင် ဖြစ်လေ၏။

ဦးကောင်းကြွယ်က အလှူလာတဲ့ ပရိသတ်များပင်မက ပရလောကသားများ၏ အလှူဟုဆိုကာ ညနေစောင်း၌ သချိုင်းထဲတွင် အင်ဖက်များခင်းကာ အစာကျွေးရန် စီမံထားသည်။

ထိုပရလောကသားများအတွက် အလှူကိုတော့ သုဘရာဇာကြီး ဦးဆောင်ကာ လုပ်ဆောင်သည်။

ထိုအလှူကို ခေါ်ကြပါက ...

သချိုင်းထဲမှာ ခေါ်စာပစ်တာတဲ့ ...

ရိရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲခေါ်ခေါ် ... ပရလောကသားတွေအတွက် အလှူပါပဲ။ ညနေ နေဝင်မိုးချုပ်အချိန် ...

သချိုင်းထဲတွင် ပရလောကသားတွေ ကျွေးဖို့အတွက် ဖက်ရွက်များပေါ်တွင် အစားအစာများတင်ထားပြီးသလို ဘေးတွင်လည်း ဆီမီးတစ်ခွက်စီ ထွန်းထား၏။

အားလုံးအဆင်သင့်ဖြစ်ချိန်တွင် ကိုရင်လေးတစ်ပါး သပိတ်ကိုပိုက်ကာ သချိုင်းထဲ အပြေးဝင်လာသည်။

သုဘရာဇာကြီးက ပရလောကသားများကို ဖိတ်မည်ပြင်လိုက်စဉ်

''ဘဘကြီး ခဏလေး ...''

''ဟင် ... ကိုရင်လေး ...''

ကိုရင်လေးက ကိုရင်မောင်အုတ်ဂူရှေ့ တန်းမတ်စွာသွား၍ သူယူလာသည့်သပိတ်ကို အုတ်ဂူရှေ့ချ၍ ...

''ဒကာကြီး ... ဒကာကြီးမှာတဲ့အတိုင်း မနက်က ကိုရင်ဆွမ်းခံပြီး ဘုရားလှူ ဆရာတော်ကိုကပ်၊ ကျန်တာကို ကိုရင်ဘုန်းမပေးပါဘူး ... ကိုရင် ပထမဆုံးရတဲ့ ဆွမ်းကို ဒကာကို လှူတာပါ ... ဒကာကြီးစားနော်၊ ကိုရင်ရဲ့အလှူကို ဒကာကြီးသာဓုခေါ်ပေးပါ ...''

ကိုရင်လေးရဲ့အသံက တုန်ခါလို့နေသည်။ သူရတဲ့ပထမဆုံးဆွမ်းကို မကျွတ်မလွတ်ဖြစ်နေသည့် ဖခင်အတွက် ပေးလှူတဲ့အလှူကို ကြားရသူအပေါင်း မျက်ရည်လည်ကြသည်။ ကိုရင်လေးက ... သူ့အဖေ အုတ်ဂူရှေ့က လှည့်ထွက်လိုက်တော့ ...

''သား ... ကိုရင်လေး ...''

မသစ္စာက ကိုရင်လေးကို ပြေးပွေ့လိုက်သည်။ ကိုရင်လေးရဲ့ပါးပေါ်က မျက်ရည် ... မသစ္စာရဲ့ ပါးပေါ်ကမျက်ရည် ...





ထိုမျက်ရည်တို့စီးကျသည့် ရှိုက်သံနှင့်အတူ ...

သချိုင်းထဲက သုဘရာဇာကြီးရဲ့ ပရလောကသားတွေ ဖိတ်ခေါ်ကာ အစာကျွေးသံတို့ ရောနှက်နေသည်။

သို့သော် ...

တမလွန်က ငိုရှိုက်နေသော ပရလောကသားတစ်ဦးရဲ့ ရှိုက်ငိုသံကို ဘယ်သူမှ မကြားရ ...

ကြားသည့်သူတစ်ဦးတော့ရှိသည်။

သူကတော့ ... အောင်နက်ဆိုတဲ့ ခွေးကြီးပင်ဖြစ်သည်။

အောင်နက်ကတော့ သခင့်အုတ်ဂူကို ပွတ်သပ်နေလျှက်ပင် ရှိနေတော့သည်။

ပြီးပါပြီ ...

အနုပညာခရီးကို ထာဝရလျှောက်လှမ်းပါရစေ ...

အစဉ်ကြိုးစားမယ့် အစဉ်ကြိုးစားတဲ့

စာရေးတဲ့

ကန်လေးရိုးက**ဗွားလောက်ကြီး**

တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်

အကြံပြုသူများ မျှော်လင့်လျက် –

ဖုန်း–၀၁ ၄၀၁၃၆၄၊ ၀၉ ၅၃၁၁၃၉၀၉



www.burmeseclassic.com